# မြဝတီ နေ့စဉ်

အများအမုန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၆၀)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum 2025)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅(World Atomic Week Forum 2025)သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်)

# ခိုင်မာစွာရပ်တည်လျက်ရှိသော စတုတ္ထမဏ္ဍိုင်

မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည်။ အဆိုပါစနစ်သည် ပြည်သူများလိုလားတောင့်တသောစနစ်ဖြစ်သည်။ အဆိုပါစနစ်ကိုတပ်မတော်က ဦးဆောင်၍ အကောင်အထည်ဖော်ပေးကာ ဒီမိုကရေစီအခင်းအကျင်းများကို ပြည့်ဝစွာတည်ဆောက်ပေးထားသည်။ ဒီမိုကရေစီစနစ်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်ရှိသည်။ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ခိုင်မာစွာရှိနေမှသာ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီသည် ခိုင်မာနေမည်ဖြစ်သည်။ အဆိုပါမဏ္ဍိုင်သုံးရပ်မှန်ကန်စွာတည့်မတ်နေရေးအတွက် စတုတ္ထမဏ္ဍိုင်တစ်ခုက ထိန်းကျောင်းပေးထားရပေမည်။ အဆိုပါစတုတ္ထမဏ္ဍိုင်ဆိုသည်မှာ သတင်းမီဒီယာကဏ္ဍဖြစ်သည်။

သတင်းမီဒီယာဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကိုခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်းအစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်းအချက်အလက်၊ ရုပ်ပုံဒီဇိုင်းစသည့်အသွင်သဏ္ဌာန်များအသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့်အများပြည်သူဆိုင်ရာပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများကိုဆိုလိုခြင်းဖြစ်သည်။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် အခွင့်အရေးကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် အရေးအခင်းပေါ်ပေါက်ပြီးနောက် မြန်မာနိုင်ငံနှင့်တပ်မတော်ပြိုကွဲရေးကို မဟုတ်မမှန်သော၊ အခြေအမြစ်မရှိသော သတင်းတု၊ သတင်းအမှားများနှင့် ထင်ယောင်ထင်မှားဖြစ်စေသည့် ကောလာဟလသတင်းများဖြင့် တစိုက်မတ်မတ်ထုတ်လွှင့်ကာတိုက်ခိုက်ခဲ့ကြသည်။ နိုင်ငံတော်နှင့် တပ်မတော်ဆိုသည်မှာ ခွဲခြားမရသောခိုင်မာသည့်သမိုင်းကြောင်းနှင့်အတူပေါ်ထွန်းလာခြင်းဖြစ်သည်။ တပ်မတော်ပြိုကွဲလျှင် နိုင်ငံတော်ပြိုကွဲမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည်တပ်မတော်သားများနှင့် ပြည်သူတို့ကို ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးရန်ဟူသည့်ရည်မှန်းချက်ဖြင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်ကို ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် မော်ဘီမြို့၌စတင်ဖွဲ့စည်းပေးခဲ့သည်။ ၁၉၉၃ ခုနှစ် ဇွန်လ ၁၁ ရက်တွင် စမ်းသပ်ထုတ်လွှင့်ခဲ့သည်။ ၁၉၉၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ပြည်တွင်းပြည်ပ သိရှိစေရေးစတင်ထုတ်လွှင့်ပေးခဲ့သည်။

နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူများစည်းလုံးညီညွတ်မှုရှိပြီး နိုင်ငံတော်ကိုပိုမိုဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာမှုရှိအောင်ဆောင်ရွက်ခဲ့သည်။ တပ်နှင့်ပြည်သူချစ်ကြည်ဖြူ သွေးခွဲလာသူတို့ရန်သူ၊ ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည် ဆိုသည့်အတိုင်းဆောင်ရွက်ခဲ့သည်။ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ထုတ်လွှင့်သောသတင်းများမှာ သတင်းအချက်အလက်မှန်ကန်ပြီး တတ်နိုင်သမျှပြည့်စုံစေရန်ထုတ်လွှင့်နေခြင်းဖြစ်သည်။ သတင်းအခြေအမြစ်တိကျခိုင်မာပြီး သတင်းအဆင့်အတန်းမြင့်မားသည်။ ထို့အတူ ဖျော်ဖြေရေးကဏ္ဍတွင်လည်း မြန်မာ့ယဉ်ကျေးမှုနှင့်အညီ အဆို၊ အက၊ အတီးများကို ထုတ်လွှင့်ပေးလျက်ရှိသည်။ အဓိကအားဖြင့် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ ထုတ်လွှင့်နေခြင်းဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၀ ရက်နေ့တွင် မော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **"သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် အများပြည်သူသိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီစဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လိုကြောင်း၊ ဖျော်ဖြေမှုများဆောင်ရွက်ရာတွင် အသံနှင့်အရုပ်နှစ်ခုလုံးပါဝင်သည်ဖြစ်သဖြင့် အသံကောင်းမွန်ရုံသာမက တင်ဆက်သည့်အစီအစဉ်နှင့်ကိုက်ညီသည့်ဝတ်စားဆင်ယင်မှုဖြစ်စေရန်လည်းအရေးကြီးကြောင်း၊ သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်စေရေးတည်းဖြတ်ခြင်းများကို စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ အစီအစဉ်များထုတ်လွှင့်ရာတွင်လည်းပြည်သူများကောင်းရာကောင်းကျိုးကို အကျိုးပြုစေနိုင်မည့်၊ အသိပညာဗဟုသုတရရှိစေနိုင်မည့် ပြည်သူ့အကျိုးပြုအစီအစဉ်ကောင်းများဖြစ်ရန်လိုကြောင်း"** လမ်းညွှန်မှာကြားသည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်နှင့်အညီ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သည် နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူအကျိုးအတွက် စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်မာစွာရပ်တည်ဆောင်ရွက်လျက်ရှိပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၉၄**

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ကလေးဝမြို့နယ်၌ မိုးစပါးသီးနှံ ၁၆၀၄၅ ဧကစိုက်ပျိုးပြီးစီး

ကလေးဝ စက်တင်ဘာ ၂၄

ယခုနှစ်စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံ ၁၆၀၄၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ စာရင်းများအရသိရသည်။

ယခု၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကလေးဝမြို့နယ်၌ မိုးစပါးသီးနှံ၁၈၆၃၅ ဧကစိုက်ပျိုးရန် အတွက် လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၁၆၀၄၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ကလေးဝမြို့နယ်မှာ မိုးစပါးဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်၊ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးမယ်။တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ကလေးဝမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၉-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် First World Public Assembly on New World of Conscious Unity သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ (International Day of Peace) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် First World Public Assembly on New World of Conscious Unity သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ပေါင်းစည်းရေးဝန်ကြီး Mr. SERGEY GLAZYEV၊ Commonwealth of Independent States (CIS) အတွင်းရေးမှူးချုပ် Mr. SERGEY LEBEDEV၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသတို့မှဝန်ကြီးများ၊ မြို့တော်ဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Secretary General of the World Peoples Assembly ဖြစ်သူ Mr. Andrey Belyaninov နှင့်တွေ့ဆုံဆွေးနွေးပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် Business Forum ကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အာရှ၊ အာဖရိက၊ ဥရောပနိုင်ငံများ၊ BRICS ၊ SCO များမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ယုံကြည်မှုမှ စီးပွားရေးယုံကြည်မှုသို့ ပူးပေါင်းဆောင်ရွက်မှုအခြေခံအုတ်မြစ်များ၊ From People Trust to Economic Trust (Humanitarian Foundations of Partnership) ခေါင်းစဉ်ဖြင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံသည့်လူသားများ၏ယုံကြည်မှုဖြင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရေး၊ ယင်းမှတစ်ဆင့် ရေရှည်တည်တံ့သောစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးတည်ဆောက်နိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် The Role of Business in Economic Integration amid Global Changes ခေါင်းစဉ်ဖြင့် Panel Session ကို ကျင်းပရာ BRICS အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံအချို့က ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများကြားတွင် စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံများပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုများကို အလေးထားဆွေးနွေးခဲ့ကြပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက်လက်တွေ့ကျသောအကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုဆွေးနွေးဖော်ထုတ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညီလာခံခန်းမကြီး၌ ကျင်းပသည့် ညီလာခံပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညီလာခံကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ညီလာခံသို့ နိုင်ငံပေါင်း ၁၅၀ ကျော်မှ လူထုအကြား ထင်ပေါ်ကျော်ကြားသည့်ပုဂ္ဂိုလ်များ၊ နိုဘယ်ဆုရပုဂ္ဂိုလ်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ သိပ္ပံပညာရှင်များ၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့မှ ပညာရှင်များ၊ လူငယ်ခေါင်းဆောင်များ၊ အားကစားသမားများ၊ အာကာသယာဉ်မှူးများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတကာမှ လူသိများသည့်သတင်းမီဒီယာများမှသတင်းသမားစုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာလ ၂၂ ရက်တွင်ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်၌ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. SHOLBAN KARO-OOL နှင့် တွေ့ဆုံပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာနှင့် မြန်မာနိုင်ငံတွင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်နှင့်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများကိုဆွေးနွေးကြပြီး ဒူးမားလွှတ်တော်ရှိပြတိုက်အတွင်း လေ့လာခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Russian Presidential Academy မှ Vice Rector ဖြစ်သူ Mr. Andrey Margolin ၏ ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ Russian Presidential Academy of National Economy and Public Administration (RANEPA) သို့သွားရောက်ပြီး Economic Development of Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်းအတွင်းရှိ စာသင်ဆောင်များနှင့်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

စက်တင်ဘာလ ၂၃ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်နှင့် ဘောလုံးကွင်း ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေး ရေကူးကန်၊ ဘောလုံးကွင်းပတ်လည်နှင့် အထူးတန်းပွဲကြည့်စင် ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ဝဏ္ဏသိဒ္ဓိရေကူးကန်အတွင်းရှိ လေ့ကျင့်ရေးကန် အုတ်နံရံပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ရေသန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေကူးကန်သို့သွယ်တန်းထားသည့်ရေလိုင်း၊ မီးလိုင်းများကောင်းမွန်စေရေး ပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်နှင့် ပြိုင်ပွဲကန်နံရံ၊ ဒိုင်ဗင်ကန်နှင့် ပြိုင်ပွဲကန်များ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၏ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်၊ အဆောက်အအုံများ ရေရှည်တည်တံ့စေရန်၊ သဘာဝဘေးအန္တရာယ်ဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်စေရန်အတွက် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး ကျွမ်းကျင်သူများကိုယ်တိုင် စိစစ်ကြပ်မတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**



# အိမ်မဲမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်




အိမ်မဲ စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းပညာ့ဗိမာန်ခန်းမ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၃ ရက်က ကျင်းပကြောင်း သိရသည်။

အခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာရည်ချွန်ဆုနှင်းသဘင်သီချင်းသီဆို၍ ဖွင့်လှစ်ပြီး အိမ်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ၊ ဆရာမများနှင့်လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားတွင်(၂၆)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် အခြေခံပညာ အသက် ၁၀-၁၅ နှစ် တစ်ပင်တိုင်မင်းသားအကဖြင့် ငွေတံဆိပ်ဆုရရှိခဲ့သူနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဦးနုက ငါးပါးသီလအကြောင်းဟော၏။ ထာဝရဘုရားသခင်က ပညတ်တော် ၁၀ ပါးတွင် သေအရက်မသောက်ရဟူသော အမိန့်ပေးချက်တစ်ခုပါရှိ၏။ သဘာဝကို ကျွန်ုပ်နားလည်သည်မှာကား သတ္တဝါကို (သံသရာအနေဖြင့်) မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ဘုရားကမှ အမိန့်ပေးခြင်း၊ အာဏာပြခြင်း မပြုနိုင်။ တစ်ဦးကိုတစ်ဦး ကျေးဇူးပြုလျက်ကောင်းကျိုးပေးသည်။ ထိခိုက်နစ်နာအောင် စေတနာနှင့်လုပ်၍ ထိခိုက်နစ်နာခဲ့လျှင် မကောင်းကျိုးပေးသည်။ အရက်သောက်လျှင် ငရဲကြီးသည်ဟု ဗုဒ္ဓက ဟောတော်မမူခဲ့။ ဒုစရိုက် ၁၀ ပါးတွင်လည်း မပါဟု တစ်ယောက်တည်း ထ၍ရေးခဲ့ဖူးသည်။ ဤစကားကို ခရစ်ယာန်များနှင့် ဦးနုတို့ ကြိုက်နိုင်မည်မဟုတ်သော်လည်း စဉ်းစားဉာဏ်သုံးဖို့ ပျင်းရိပြီး မျက်စိမှိတ်၍ ယုံချင်တတ်သောလူများ အလန့်တကြားဖြစ်သွားအောင် လှန့်ပေးလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် စဉ်းစားဆင်ခြင်တတ်သောဝါသနာရှိ၍ စာဖတ်သူများအား စဉ်းစားဆင်ခြင်သောအလေ့ဖြစ်အောင် ပျိုးထောင်ပေးခြင်းသည် ကလောင်သမားတစ်ယောက်အနေဖြင့် ကျွန်ုပ်၏ဝတ္တရားတစ်ခုဟူ၍ သတ်မှတ်ထားပါသည်။

### ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်ခြင်း

အနောက်တိုင်းပညာရှိကြီးများက ကမ္ဘာလောက၌ ထွေးလုံးရစ်ပတ်စဉ်းစားတတ်သည့်လူများ(Muddled Thinkers) သာပေါများ၍ ရှင်းရှင်းပြတ်ပြတ်စဉ်းစားတတ်သည့်လူများ (Clear Thinkers) သည် အလွန်နည်းပါးသည်ဟု ဆိုကြ၏။ ဗုဒ္ဓကလည်း မည်သူပြောလျှင် မှန်လိမ့်မည်ဟု မယုံကြည်ဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားရမည်ဟု (ကာလာမသုတ်တွင်) ဟောတော်မူခဲ့၏။ သို့နှင့်လည်း သဘာဝကျ၊ မကျကို ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်သည့် လူဦးရေရာခိုင်နှုန်းသည် အပိုင်းဂဏန်းမျှလောက်သာရှိမည်ဟု ကျွန်ုပ်ဆိုချင်သည်။ ဤအရည်အချင်းသည် နိုင်ငံရေးသမားများ၌လည်းကောင်း၊ စာရေးဆရာများ၌လည်းကောင်း၊ သတင်းစာဆရာများ၌လည်းကောင်း အလွန်တရာအရေးကြီးလှ၏။ သို့နှင့်လည်း ယင်းအင်္ဂါမျိုးနှင့်ပြည့်စုံသော လူများမှာ ထိုသူတို့အနက်တွင် ခပ်ရှားရှားရှိနေ၏။ သာဓကတစ်ခုတင်ပြရသော် ကားလ်မာ့က်စ်က ဘာသာရေးသည် 'ဘိန်း' ဖြစ်သည်ဟု အဓိပ္ပာယ်တစ်မျိုးရေးခဲ့ခြင်းဖြစ်ပါလျက် (ဖန်ဆင်းသောထာဝရဘုရားသခင်ရှိသည်ဟု ယုံကြည်သောဘာသာမျိုးကိုသာ ဆိုလိုသည်ဟု မြန်မာကွန်မြူနစ်များက နားမလည်ဘဲ) ဗုဒ္ဓဘာသာကိုယုံကြည်ခြင်းသည် သူတို့၏အလုပ်ကိုနှောင့်ယှက်သည်ဟု အဓိပ္ပာယ်ကောက်သည့်လက္ခဏာနှင့် ဗုဒ္ဓဘာသာကို ဖျက်ပစ်နိုင်လျှင်ကောင်းသည်ဟု ယူဆကြပုံရ၏။ (ယခုကား မပြောတတ်။) တခြားတစ်ဖက်ကလည်း ဆိုရှယ်လစ်စီးပွားရေးစနစ်သည် ဗုဒ္ဓဘာသာနှင့်မကိုက်သည့်နှယ် 'ဓမ္မန္တရာယ်' ဟု ပြောကြ၏။ ဤနှစ်ဖက်စလုံးသည် လောကရေးနှင့် ဓမ္မရေးကို ရှင်းရှင်းပြတ်ပြတ်မစဉ်းစားတတ်သူများ ဖြစ်ကြလေသည်။ ဤနောက်ပိုင်းတွင် ကျွန်ုပ်၏စာများမှာ သူတစ်ပါး၏စာများထက် ရှင်းသည်ဟု ကျွန်ုပ်ကိုသဘောကျသူများက ပြောကြ၏။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ် စာရေးတတ်သောကြောင့်ဖြစ်သည်ဟုလည်းပြောကြ၏။ ကျွန်ုပ်၏အထင်ကား စာရေးတတ်ခြင်းတစ်ခုတည်းကြောင့်မဟုတ်။ ရှင်းရှင်းပြတ်ပြတ်စဉ်းစားတတ်သောဝါသနာရှိ၍ ကျွန်ုပ်ရေးလိုသောအကြောင်းအရာကို ကိုယ့်ဘာသာရှင်းရှင်းကြီးနားလည်အောင်လေ့လာပြီးမှ ရေးလေ့ရှိသောကြောင့်ဟုထင်ပါသည်။ သို့ရာတွင် ရှင်းရှင်းပြတ်ပြတ်စဉ်းစားတတ်ခြင်းဟူသည်မှာ ခုထလုပ်၍ ခုဖြစ်သည်မဟုတ်၊ နဂိုပါရမီခံ (ဦးနှောက်) အပြင် ဗဟုသုတမြောက်မြားစွာ ရှာဖွေစုဆောင်း ပြီး လေးလေးနက်နက်မွေနှောက်ဆင်ခြင်တတ်သူတို့၌သာ ရရှိစကောင်းသည်ဟု ကျွန်ုပ်ဆိုချင်သည်။

> **"ကျွန်ုပ်က သတင်းစာခေါင်းကြီးများ အရေးအသား၏အရေးကြီးပုံကို တင်ပြလျက်ရှိစဉ် ကျွန်ုပ်တို့မြန်မာပြည်၌ သတင်းစာခေါင်းကြီးများ၏ အခြေအနေပြောင်းလဲလျက်ရှိခြင်းကိုတွေ့ရ၍ ဤအကြောင်းကို အနည်းငယ်ဝေဖန်ရေးသားဦးမှ လျော်မည်ထင်သည်။ ကျွန်ုပ်က မြန်မာစာပေလောက၌လည်းကောင်း၊ သတင်းစာတစ်စောင်၌လည်းကောင်း ခေါင်းကြီးအရေးကြီးပုံကို ဖော်ပြလျက်ရှိစဉ် . . ."**

### အဓိပ္ပာယ်ဖွင့်ခြင်း

ပြဿနာတစ်ခုကိုဆုံးဖြတ်လိုသည့်အခါ မသိလျှင်မဖြစ်သည့်အခြေခံသဘောတရားများ(Data)ကို သိအောင်လုပ်ပြီးမှ ဆုံးဖြတ်နိုင်ပေလိမ့်မည်။ ဥဒါဟရဏ်ကား ဝတ္ထုပစ္စည်းတစ်ခု၏ 'ကုဗ'ကိုသိလိုသည့်အခါ ယင်းဝတ္ထုပစ္စည်း၏ အလျား၊ အနံနှင့် အမြင့်ကိုသိပြီးသည့်နောက်မှ 'ကုဗ' ကို တွက်ယူနိုင်ပေလိမ့်မည်။ ထိုကဲ့သို့မဟုတ်ဘဲ မြေကြီးထဲ၌ တစ်ပိုင်းနစ်မြုပ်လျက်ရှိသော ကျောက်တုံးကြီးတစ်တုံးကို မြေကြီးထဲမှမဖော်ဘဲ အနံနှင့်အလျားကိုသာ တိုင်းထွာပြီး 'ကုဗ'ကို တွက်မည်ဆိုလျှင် (ရမ်းချ၍ မှန်ချင်မှန်မည်) စိတ်ချလက်ချမှန်ကန်သော အဖြေမျိုးကား ထွက်မလာနိုင်ချေ။ ကွန်မြူနစ်များက ဗုဒ္ဓဘာသာကို 'ဘိန်း'ဟု ထင်ကြသည်ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်များက ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဓမ္မန္တရာယ်ဟု သဘောထားကြသည်ဖြစ်စေ၊ နှစ်ဖက်စလုံးသည် တစ်ဖက်အကြောင်းကို တစ်ဖက်က ဘာမျှမသိဘဲ 'ရမ်းတုတ်'နေကြခြင်းသာဖြစ်၏။ ထုကိုသော်လည်းကောင်း၊ အနံကိုသော်လည်းကောင်း၊ အလျားကိုသော်လည်းကောင်း သုံးခုစလုံး မသိပါဘဲလျက်နှင့် 'ကုဗ' ကိုတွက်သောသူကဲ့သို့ဖြစ်နေ၏။ ကွန်မြူနစ်များကလည်း ဗုဒ္ဓဝါဒအကြောင်းကို ဘာမျှမသိ။ ဗုဒ္ဓဘာသာဝင်များကလည်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဘာမျှမသိ။ (ဤအထဲတွင် 'ခလောက်ဆန်'များက ရှုပ်ထားကြသေးသည်။) ဤသို့ဖြင့် တစ်ဖက်ကိုတစ်ဖက် အထင်လွဲလျက်ရှိကြခြင်းဖြစ်လေသည်။ အကယ်၍ 'ဘိန်း'နှင့်တူသည်ဟု ကားလ်မာ့က်စ်ပြောသော ဘာသာများအနက် ဗုဒ္ဓဘာသာလည်းပါသည်ဟု ကွန်မြူနစ်များကဆိုချင်ကြလျှင် ကားလ်မာ့က်စ်သည် ဗုဒ္ဓဘာသာအကြောင်းကို ဘာမျှမသိဟု ကျွန်ုပ်ပြောရဲသည်။ (အထောက်အထားလည်းရှိသည်။) ဗုဒ္ဓဘာသာအကြောင်းကို ဘာမျှမသိသော ကားလ်မာ့က်စ်က 'ဘိန်း' ဟူ၍ပြောတိုင်း ဗုဒ္ဓဘာသာမိဘများက ပေါက်ဖွားလာခဲ့ကြသည့် မြန်မာကွန်မြူနစ်များကို မစူးစမ်းမလေ့လာဘဲ လက်ခံယုံကြည်ကြသည်ဆိုလျှင် ဤခေတ်မြန်မာကွန်မြူနစ်များသည် စဉ်းစားဉာဏ်အလွန်ခေါင်းပါးသူများဖြစ်၍ သူတို့လက်ထက်တွင် သူတို့အလုပ်မအောင်မြင်နိုင်ဟု ကျွန်ုပ် ဗေဒင်ဟောရဲသည်။ မည်သည့်ပညာရှိ ခုံရုံးရှေ့၌ဖြစ်စေ၊ မည်သည့်ဘုရားရှေ့၌ဖြစ်စေ ကျွန်ုပ် မလွဲမသွေမတိမ်းမရှောင်ထွက်ဆိုရဲသည်မှာကား လောကအကြောင်းနှင့် ဓမ္မအကြောင်းကို ပိုင်းခြားနားလည်သောပုဂ္ဂိုလ်များအုပ်ချုပ်စီမံကြသည်ဖြစ်ပါမူ ဆိုရှယ်လစ်စီးပွားရေးစနစ်လက်အောက်တွင် ဗုဒ္ဓသာသနာတော်သည် ညှိုးမှိန်ဖို့မရှိနိုင်။(စားနေဝတ် ချောင်ချိမှုကြောင့်) တိုး၍ ထွန်းလင်းတောက်ပြောင်နိုင်ဖွယ်ရာရှိသည်ဟု ကျွန်ုပ် နှစ်နှစ်ခြိုက်ခြိုက်လေးလေးနက်နက် ယုံကြည်လျက်ရှိကြောင်း ပြောရဲပါသည်။ ဤသို့ပြောရဲခြင်းကား ဆိုရှယ်လစ်စနစ်ကိုလည်း လေ့လာခြင်း၊ ဗုဒ္ဓ၏တရားတော်ကိုလည်း လက်တွေ့လေ့လာခြင်းဟူ၍ နှစ်မျိုးစလုံး စုံစမ်းထားခဲ့သူတစ်ယောက်ဖြစ်ပါသောကြောင့်တည်း။

### သတင်းစာနှင့်ခေါင်းကြီး

ကျွန်ုပ်က သတင်းစာခေါင်းကြီးများ အရေးအသား၏အရေးကြီးပုံကို တင်ပြလျက်ရှိစဉ် ကျွန်ုပ်တို့မြန်မာပြည်၌ သတင်းစာခေါင်းကြီးများ၏ အခြေအနေပြောင်းလဲလျက်ရှိခြင်းကိုတွေ့ရ၍ ဤအကြောင်းကို အနည်းငယ်ဝေဖန်ရေးသားဦးမှ လျော်မည်ထင်သည်။ ကျွန်ုပ်က မြန်မာစာပေလောက၌လည်းကောင်း၊ သတင်းစာတစ်စောင်၌လည်းကောင်း ခေါင်းကြီးအရေးကြီးပုံကို ဖော်ပြလျက်ရှိစဉ် ဤတစ်လော၌ မြန်မာပြည်တွင် (အင်္ဂလိပ်ရော မြန်မာအပါအဝင် သတင်းစာများအနက်) စောင်ရေအများဆုံးထုတ်ဝေလျက်ရှိသော မြန်မာသတင်းစာကြီးတစ်စောင်တွင် တစ်ခါတစ်ရံမှခေါင်းကြီးပါသည်ကိုတွေ့ရ၏။ ဘယ်သူက ဘာပြောသည်ဖြစ်စေ စောင်ရေများခြင်းသည် 'မှတ်ကျောက်'ဖြစ်သည်။ ရွှံ့ဖြင့်လုပ်သောကြောင်ရုပ်ပင်ဖြစ်စေကာမူ ကြွက်သေခြင်းသာ ပဓာနဖြစ်သည်ဟု ပြောနိုင်ခြင်းကား မှန်ပါပေသည်။ ထို့ပြင်လည်း ကိစ္စအထူးမပေါ်ဘဲလျက်နှင့် ခေါင်းကြီးရေးခဲ့လျှင် စိတ်ဝင်စားလောက်အောင် လေးနက်သောခေါင်းကြီးမျိုးဖြစ်နိုင်ဖို့ ခဲယဉ်းသည်။ ကိစ္စအထူးပေါ်ပေါက်သောအခါမှ ရေးပါက မိမိတို့၏ခေါင်းကြီးများသည် အခါခပ်သိမ်း လေးလေးနက်နက်ထွက်လာနိုင်သည်ဟူ၍လည်း ပြောနိုင်ပါပေသည်။ ထိုသတင်းစာကြီး၏ခေါင်းကြီးများမှာလည်း (တစ်ခါတလေမှ ရေးရခြင်းဖြစ်သည့်အတွက်ကြောင့်) စိတ်ပါလက်ပါရေးနိုင်၍ လေးလေးနက်နက်ရှိခြင်းကိုလည်း ဝန်ခံရပေမည်။

**ဆက်လက်ဖော်ပြပါမည်။**

## မင်းဘူးမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

မင်းဘူး စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ အမှတ် (၄) အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာလ ၂၃ ရက်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးလှတိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ဖြစ်လာစေရေးနှင့် လူငယ်ရေးရာအခန်းကဏ္ဍကို ဟောပြောခဲ့သည်။ ယင်းနောက် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ညိုညိုသန့်က လူသားများသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတစွာနေထိုင်ရခြင်း၊ ထို့ပြင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်ကြီးလေးပါး မျှတစွာနေထိုင်ရခြင်း၊ တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားများဖြစ်သည့် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် အရသာခြောက်ပါးကို ညီညွတ်မျှတစွာ စားသုံးပေးခြင်းဖြင့် သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ခြင်း စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်တို့က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ထိန်းသိမ်းရေးတို့ကို အသိပညာပေးဟောပြောကြပြီးနောက် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်ပိုစတာများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။



**ဇေယျာနိုင်(ရွှေကန်မြေ)**

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရွေးကောက်ပွဲကို အပိုင်းလိုက်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားရှိမှု၊ နိုင်ငံပြင်ပ ကြိုတင်မဲပေးခြင်းနှင့် နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များ၊ ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ ပြောင်းလဲကျင့်သုံးမည့်ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားမည့်အခြေအနေ၊ ကိုယ်စားလှယ်လောင်းလျှောက်ထားမှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၄



တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ - တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ WYNDHAM GRAND Yangon Hotel ၌ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းတက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် တရုတ်နိုင်ငံ၏ သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး တရုတ်နိုင်ငံ၏ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုကို ပြသကာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် လွန်ခဲ့သည့်(၇၆) နှစ်တာကာလအတွင်း ရရှိခဲ့သည့် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ အောင်မြင်မှုကို ဂုဏ်ပြုသည့်ပွဲဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား နှစ်ပေါင်း(၇၅)နှစ်ကျော်ကြာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် သမိုင်းဝင်အမှတ်တရများ၊ ခိုင်မာသည့်မိတ်ဖက်ဆက်ဆံရေးများ၊ အပြန်အလှန်လေးစားမှုများနှင့် နှစ်နိုင်ငံမိတ်ဖက်များအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ထားရှိသည့် ကတိကဝတ်များကိုထင်ဟပ်ပြသသည့် အထိမ်းအမှတ်အောင်ပွဲတစ်ခုဖြစ်ကြောင်း၊ သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မကျူးကျော်ရေး၊ ဝင်ရောက်မစွက်ဖက်ရေး၊ အပြန်အလှန်လေးစားမှု၊ တန်းတူညီတူရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို ပူးတွဲထုတ်ပြန်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အဖွင့်ကောင်းဖြင့် စတင်နိုင်ခဲ့ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေးအကူအညီများ၊ ကျန်းမာရေးအကူအညီများ၊ ပြန်လည်ထူထောင်ရေးနှင့်နေရာချထားရေးဆိုင်ရာအကူအညီများသည် ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် မြန်မာပြည်သူများအတွက် စိတ်ဓာတ်ခွန်အားကိုရရှိစေခဲ့ကြောင်း၊ အလားတူ မြန်မာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံမှ ပေးအပ်သော အပြုသဘောဆောင်သည့် အထောက်အပံ့များ၊ အာဆီယံနှင့် ကုလသမဂ္ဂအစရှိသည့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးပေးသည့်အကူအညီများအတွက် ကျေးဇူးတင်ရှိကြောင်း။

နှစ်နိုင်ငံအကြား အပြန်အလှန်ဖေးမကူညီမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ထောက်ခံမှုများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို သမိုင်းက သက်သေခံလျက်ရှိကြောင်း၊ သာတူညီမျှမှု၊ အပြန်အလှန်လေးစားယုံကြည်မှုနှင့် ဆွေမျိုးပေါက်ဖော် အိမ်နီးချင်းကောင်းဆက်ဆံရေးကို အခြေခံကာ အတူတကွ ဆက်လက်ကြိုးပမ်းအားထုတ်မည်ဆိုပါက ပိုမိုမြင့်မားသည့် ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး သံအမတ်ကြီးက တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## ထူးခြားသည့်နေ့အပူချိန်များ

၂၄-၉-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နေပြည်တော် (ဇမ္ဗူသီရိ) | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရေဆင်း (ဇေယျာသီရိ) | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

## ၂၄-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ငဖဲမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဉာဏ်စမ်းပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ငဖဲ စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတ တိုးပွားစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲနှင့်နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာလ ၂၄ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က လူငယ်များ အသိပညာဗဟုသုတတိုးပွားစေရေးသုတ၊ ရသစာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နောင်ထွန်းက လူကုန်ကူးမှုအဓိပ္ပာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အကျယ်တဝင့် အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နောင်ထွန်းက အထွေထွေဗဟုသုတဉာဏ်စမ်းမေးခွန်းများ မေးမြန်း၍ ဖြေဆိုနိုင်သူ ကျောင်းသား၊ ကျောင်းသူနှစ်ဦးကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။ ယင်းနောက် တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ခင်းကျင်းပြသထားသော လစဉ်ထုတ် တေဇ၊ ရုပ်ပြ၊ ပုံပြင်၊ မဂ္ဂဇင်းများ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။



မယု(ငဖဲ)

# ဆင်ပေါင်ဝဲမြို့နယ် ကျေးရွာအုပ်စုနှစ်အုပ်စုရှိတောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး


ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်၌ တောင်သူများ မိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်မှုအဆင်ပြေစေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာလ ၂၃ ရက်က ကျေးရွာအုပ်စု နှစ်အုပ်စုရှိ တောင်သူ ၉၀ ဦး၏ မိုးစပါး ၈၈ ဧကနှင့် တခြားသီးနှံဧက ၅၇၀ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် ချေးငွေထုတ်ချေးသောတောင်သူများကို သီးနှံအာမခံထားရှိရေး စည်းရုံးရှင်းလင်းခြင်းနှင့် ချေးငွေထုတ်ချေးသည့် စာချုပ်ပါစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးရာတွင် မိုးစပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ တခြားသီးနှံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စု ၂၅ အုပ်စုမှ တောင်သူ ၁၈၀၁ ဦး၏ မိုးစပါး ၁၇၀၇ ဧက၊ တခြားသီးနှံ ၉၁၇၇ ဧကအတွက် ငွေကျပ် ၁၁၇၃၇ ဒသမ ၅ သိန်း ထုတ်ချေးပေးပြီးဖြစ်ကာ ကျန်ရှိသောကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)




# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော

လှိုင်းဘွဲ့ စက်တင်ဘာ ၂၄

ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၄ ရက်တွင် ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်ရီရီဝင်းက လူငယ်နှင့်စာပေယဉ်ကျေးမှုခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်စိုးက တိုင်းရင်းသားအခွင့်အရေးနှင့် ရပိုင်ခွင့်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကြည်ထွန်းက ဘက်စုံပညာဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး လှိုင်းဘွဲ့မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောသော်တာလင်းသန့်က လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **စောဒီ(ပြန်/ဆက်)**

# ဝေါမြို့နယ် အင်းတိုင်စုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဆင်း

ဝေါ စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် အင်းတိုင်စုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၃ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက အင်းတိုင်စုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ အင်းတိုင်စုကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းများကို ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ကိုနိုင်(ကျေးလက်)

# ကျိုက်ထိုမြို့နယ်၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းဆောင်ရွက်



ကျိုက်ထို စက်တင်ဘာ ၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့်ပြည်သူများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဌာနဆိုင်ရာရုံးများ၌ စက်တင်ဘာလ ၂၄ ရက် မွန်းလွဲပိုင်းတွင် မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျိုက်ထိုမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များသို့သွားရောက်၍ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင်များအား သုတ/ရသစာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့်စာအုပ်များ သိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြင့်မားရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် စာကြည့်တိုက်သို့ လာရောက်နိုင်ခြင်းမရှိသောပြည်သူများအတွက် မိုဘိုင်းစနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များသို့လည်း အပတ်စဉ်ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများထိုးနှံပေး

ဒေးဒရဲ စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာသန်စွမ်းစေရန်နှင့် ကူးစက်ရောဂါများကြောင့် ပညာသင်အခွင့်အလမ်းမဆုံးရှုံးစေရန်ရည်ရွယ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများအား သက်ဆိုင်ရာတိုက်နယ်အုပ်စုများအလိုက် စက်တင်ဘာလ ၂၄ ရက်တွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စုစုပေါင်း ၂၁၉ ကျောင်းရှိ အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆောင်းကာကွယ်ဆေးအနေဖြင့် ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေး (DT) ထိုးနှံပေးခြင်း၊ အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)များ ထိုးနှံပေးလျက်ရှိရာ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူ ၁၆၈၄ ဦး ကာကွယ်ဆေးများ ထိုးနှံပြီးစီးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှသိရသည်။

**အေဇာလင်း**

# အသက် ၈၅ နှစ်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆေးကုသပေး

ကံမ စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား စက်တင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသပေးကြောင်း သိရသည်။

ထိုသို့ကုသရာတွင် အဘိုး၊ အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း စသည်တို့ကိုဆောင်ရွက်ပေးပြီး လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်၊ လက်ထောက်ဆရာဝန်နှင့်ကျန်းမာရေးဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများဆောင်ရွက်ပေးကြသည်။

အဆိုပါဆေးကုသမှုကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ တတိယအကြိမ် မန်ကျည်းပျိုးပင် ၂၂၅၀ ပင် စိုက်ပျိုး



ညောင်ဦး စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် တတိယအကြိမ် မန်ကျည်းပျိုးပင် ၂၂၅၀ ပင်ကို စက်တင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးကြောင်းသိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်ဝင်းအတွင်း ပျိုးထောင်ထားသည့် ဒေသမျိုးရင်းဖြစ်သည့် တစ်နှစ်ခွဲသားအရွယ်၊ တစ်ပေခွဲခန့်ရှိ မန်ကျည်းပျိုးပင် ၁၀၀၀၀ အနက် မန်ကျည်းပျိုးပင် ၂၂၅၀ ပင်တို့အား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များကြီးကြပ်မှုဖြင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် နေရာ ၁၄ နေရာတွင် စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ မန်ကျည်းပျိုးပင်များကို ရွှေစည်းခုံဘုရားတွင် ၂၀၀ ပင်၊ ထီးလိုမင်းလိုဘုရားတွင် ၁၅၀ ပင်၊ အာနန္ဒာဘုရားတွင် ၂၀၀ ပင်၊ ကန်တော့ပလ္လင်ဘုရားတွင် ၄၀၀ ပင်၊ ဗူးဘုရားတွင် ၂၀၀ ပင်၊ လောကနန္ဒာဘုရားတွင် ၁၅၀ ပင်၊ ဓမ္မရာဇကဘုရားတွင် ၂၀၀ ပင်၊ တုရင်တောင်ဘုရားသွားလမ်းဘေးဝဲယာတွင် ၄၀၀ ပင်၊ ပြဿဒ်ကြီးဘုရားတွင် ၅၀ ပင်၊ ဓမ္မရံကြီးဘုရားတွင် ၅၀ ပင်၊ ငှက်ပစ်တောင်ဘုရားတွင် ၅၀ ပင်၊ စူဠာမဏိဘုရားတွင် ၅၀ ပင်၊ ရွှေဆံတော်ဘုရားတွင် ၅၀ ပင်နှင့် အလိုတော်ပြည့်ဘုရားတွင် ၁၀၀ ပင်တို့အား စိုက်ပျိုးခြင်းဖြစ်ကြောင်းသိရသည်။ **ဒီပါလင်း**

# ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားလာစေရေး ရုံးစာရေးသားနည်းသင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်ရုံးများ၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းသဘောသဘာဝနှင့် ရုံးလုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ရုံးလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာနှင့် ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရုံးစာရေးသားနည်းသင်တန်းကို စက်တင်ဘာလ ၂၃ ရက်တွင် ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများဖြစ်ကြသော ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးနှင့်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းတို့က ရုံးလုပ်ငန်းသဘောတရား၊ ရုံးစာရေးသားနည်း၊ လုပ်ငန်းမှတ်တမ်းရေးသားခြင်း၊ လုပ်ငန်းစီမံချက်ရေးသားခြင်းနှင့်ရုံးလုပ်ငန်းများ စစ်ဆေးခြင်းအကြောင်းတို့ကို သင်တန်းသား၊ သင်တန်းသူများအား စာတွေ့လက်တွေ့



သင်ကြားပေးပြီး သင်တန်းသို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဥတ္တရခရိုင်အတွင်းရှိ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။**(၄၁၃)**

သစ်တောသစ်ပင် တို့ချစ်ခင် သစ်ပင်စိုက်ပျိုး ဝင်ငွေတိုး

MWD Education, Knowledge & Sports Channel
၂၅-၉-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade – 8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ - ၁၇:၄၅ | Grade – 8 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

# အရိုးအဆစ်ကျန်းမာရေး လူတိုင်းပြုလုပ်သင့်

ဒေါက်တာလွင်သန့်



လူတိုင်း အရိုးအဆစ်ကျန်းမာစေဖို့ အလေ့အကျင့်ကောင်းတွေ လိုက်နာကျင့်သုံးဖို့လိုအပ်ပါတယ်။ အသက် ၃၅ နှစ်နောက်ပိုင်းဆိုရင် ခန္ဓာကိုယ်အရိုးအဆစ်တွေက စတင်ယိုယွင်းလာပါပြီ။ ဟော်မုန်းပြောင်းလဲမှုတွေကြောင့် အမျိုးသမီးတွေက အမျိုးသားတွေထက် အရိုးအဆစ်ပျက်စီးမှုပိုများတတ်ပါတယ်။ အောက်ဖော်ပြပါလေ့ကျင့်ခန်းတွေကို နေ့စဉ်လှုပ်ရှားသွားလာမှုတွေထဲမှာ ထပ်ပေါင်းဖြည့်စွက်လိုက်မယ်ဆိုရင် အရိုးအဆစ်ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ပါတယ်။

**အလေးမပစ္စည်းသုံးခြင်း**

အလေးမပစ္စည်းသုံးပြီး လေ့ကျင့်ခန်းပြုလုပ်တာက လူတိုင်းအတွက် အကောင်းဆုံးလေ့ကျင့်မှုဖြစ်ပါတယ်။ အမျိုးသား၊ အမျိုးသမီးတွေအပါအဝင် ကလေးအသက် ၁၃ နှစ်ကျော်တာနဲ့ လေ့ကျင့်ခန်းတွေ စတင်ပြုလုပ်သင့်ပါတယ်။ အလေးမပစ္စည်းအသုံးပြုပြီး လေ့ကျင့်တာက ခန္ဓာကိုယ်ကြွက်သားတွေဖွံ့ဖြိုးစေပြီး အရိုးသိပ်သည်းဆကောင်းမွန်စေကာ အရိုးအဆစ်ရောဂါတွေ ကင်းဝေးစေပါတယ်။

**ပြေးခြင်း**

အပြေးလေ့ကျင့်တာကတော့ ခန္ဓာကိုယ်အလေးချိန်ကိုထိန်းနိုင်ပြီး နှလုံးကျန်းမာရေးကို ကောင်းစေပါတယ်။ တစ်ရက်ကို ကီလိုမီတာအနည်းငယ်ပြေးတာက အရိုးအဆစ်နဲ့ကြွက်သားတွေ ထိခိုက်မှုမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

**အေရိုးဗစ်လေ့ကျင့်ခြင်း**

အေရိုးဗစ်လေ့ကျင့်ခန်းက သွေးလည်ပတ်မှုကောင်းစေတဲ့ အကောင်းဆုံးလေ့ကျင့်ခန်းတစ်မျိုးဖြစ်ပါတယ်။ ခန္ဓာကိုယ်လှုပ်ရှားမှုနဲ့ ဟန်ချက်ညီစေပြီး တက်ကြွတဲ့ဘဝကို ပိုင်ဆိုင်စေနိုင်တဲ့ လေ့ကျင့်ခန်းလို့လည်းခေါ်ပါတယ်။

**ခပ်သွက်သွက်လမ်းလျှောက်ခြင်း**

လေ့ကျင့်ခန်းတွေလုပ်ဖို့အတွက် ကိုယ့်ကျန်းမာရေးအခြေအနေက လက်မခံနိုင်ဘူးဆိုရင်တော့ ခပ်သွက်သွက်လမ်းလျှောက်တဲ့လေ့ကျင့်ခန်းက အရိုးအဆစ်အတွက် အကျိုးရှိစေပါတယ်။ တစ်ရက်ကို မိနစ် ၃၀ လောက် ခပ်သွက်သွက်လမ်းလျှောက်သင့်ပါတယ်။

**အကြောဆန့်ထုတ်ခြင်း**

အကြောဆန့်ထုတ်ခြင်းက အချိန်ကြာကြာထိုင်ပြီး အလုပ်လုပ်နေသူတွေအတွက် အကောင်းဆုံးလေ့ကျင့်သင့်တဲ့လေ့ကျင့်ခန်းဖြစ်ပါတယ်။ အကြောတွေကို ဆန့်ထုတ်တဲ့လေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်ပေးတာကြောင့် အထိုင်များလို့ဖြစ်တဲ့ ညောင်းညာကိုက်ခဲမှုတွေကို သက်သာစေပြီး ကြွက်သားနဲ့အရိုးအဆစ်တွေ ကျန်းမာစေပါတယ်။

**■ လေ့ကျင့်ခန်းတွေလုပ်ဖို့အတွက် ကိုယ့်ကျန်းမာရေးအခြေအနေက လက်မခံနိုင်ဘူးဆိုရင်တော့ ခပ်သွက်သွက်လမ်းလျှောက်တဲ့လေ့ကျင့်ခန်းက အရိုးအဆစ်အတွက် အကျိုးရှိစေပါတယ်။ တစ်ရက်ကို မိနစ် ၃၀ လောက် ခပ်သွက်သွက်လမ်းလျှောက်သင့်ပါတယ်။**

**■ အကြောဆန့်ထုတ်ခြင်းက အချိန်ကြာကြာထိုင်ပြီး အလုပ်လုပ်နေသူတွေအတွက် အကောင်းဆုံးလေ့ကျင့်သင့်တဲ့ လေ့ကျင့်ခန်းဖြစ်ပါတယ်။ အကြောတွေကို ဆန့်ထုတ်တဲ့ လေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်ပေးတာကြောင့် အထိုင်များလို့ဖြစ်တဲ့ ညောင်းညာကိုက်ခဲမှုတွေကို သက်သာစေပြီး ကြွက်သားနဲ့အရိုးအဆစ်တွေ ကျန်းမာစေပါတယ်။**

**ယောဂကျင့်ခြင်း**

အမျိုးမျိုးသောအကြောင်းအရာတွေကြောင့် အရိုးအဆစ်တွေကို ထိခိုက်စေနိုင်ပါတယ်။ ယောဂလေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးတာကြောင့် နောက်ကျော၊ ပခုံး၊ လည်ပင်းနဲ့ကျောရိုးမကြီး တည်ဆောက်မှုတွေကို ကောင်းမွန်စေနိုင်ပြီး လှုပ်ရှားမှုတွေကို သက်သောင့်သက်သာဖြစ်စေပါတယ်။

**လှေကားထစ်တက်ခြင်း**

အရိုးအဆစ် ကျန်းမာရေးအတွက် လှေကားထစ်တက်တဲ့ လေ့ကျင့်ခန်းက အထောက်အကူပြုပါတယ်။ လှေကားထစ်တွေကို တစ်ပတ် သုံး၊ လေးကြိမ်လောက် အတက်၊ အဆင်းပြုလုပ်ပေးခြင်းဖြင့် အရိုးအဆစ်သိပ်သည်းဆမြင့်မားပြီး အဆစ်ရောင်ရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးပါတယ်။

**ဟန်ချက်ညီညီလေ့ကျင့်ခြင်း**

ခန္ဓာကိုယ်ဟန်ချက်ညီအောင် တစ်ချက်ချင်း၊ ဖြည်းဖြည်းချင်းလေ့ကျင့်ရတဲ့ လေ့ကျင့်ခန်းတွေက အနုပညာတစ်ခုလို ဖြစ်ပါတယ်။ လှုပ်ရှားမှုတိုင်း ဟန်ချက်ညီစေတာကြောင့် အရိုးအဆစ်ထိခိုက်မှုတွေကို ကာကွယ်ပြီးသားဖြစ်စေကာ ခန္ဓာကိုယ်ဟန်ချက်ကိုလည်း ညီမျှစေပါတယ်။

အရိုးအဆစ်ကျန်းမာဖို့ လေ့ကျင့်ခန်းတွေပြုလုပ်သင့်တဲ့အပြင် အဆစ်ရောင်ရောဂါရှိတဲ့သူတွေအတွက် သောက်သုံးသင့်တဲ့ အကောင်းဆုံးသောက်စရာတွေ ရှိပါတယ်။ အမြဲစွဲပြီးသောက်သုံးနိုင်ပါတယ်။

**ရေနွေးကြမ်း**

ရေနွေးကြမ်းသောက်တာက ကျန်းမာရေးအတွက် ကောင်းကျိုးများပါတယ်။ အထူးသဖြင့် အဆစ်ရောင်ရောဂါရှိသူတွေအနေနဲ့ လက်ဖက်စိမ်းရေနွေးကြမ်းသောက်ခြင်းဖြင့် အရောင်ကျစေနိုင်ပါတယ်။ ဒါကြောင့် အဆစ်ရောင်တာသက်သာစေဖို့ဆိုရင် နေ့စဉ်ရေနွေးကြမ်းပုံမှန်သောက်ပေးသင့်ပါတယ်။ အဆစ်ရောင်ရောဂါအတွက် ပုံမှန်သောက်နေရတဲ့ဆေးတွေရှိတယ်ဆိုရင် ဆေးနဲ့နှစ်နာရီလောက်ခြားပြီး သောက်သင့်ပါတယ်။

**နွားနို့**

အဆစ်ရောင်တာကို သက်သာစေဖို့ နွားနို့သောက်ပေးသင့်ပါတယ်။ နွားနို့မှာ ကယ်လ်စီယမ်၊ ပရိုတင်းနဲ့ ဗီတာမင်-D တွေပါဝင်ပါတယ်။ နွားနို့က အရိုးအဆစ်တွေကိုကျန်းမာစေပြီး အဆစ်ရောင်တာကို သက်သာစေနိုင်ပါတယ်။ သွေးတွင်းအဆီဓာတ်များသူဆိုရင် အဆီထုတ်ထားတဲ့ နွားနို့ကို သောက်ပေးသင့်ပါတယ်။ အဆစ်ရောင်ရောဂါအတွက် ဆေးတွေသောက်နေရတယ်ဆိုရင် ဆေးနဲ့နှစ်နာရီလောက်ခြားပြီး သောက်သင့်ပါတယ်။

**ကော်ဖီ**

ကော်ဖီက ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝစွာပါဝင်ပြီး အရောင်ကျစေနိုင်ပါတယ်။ ပိုလီဖီနော (Polyphenols) ပါဝင်နေတာက အဆစ်ကဆဲလ်တွေကို ဓာတ်တိုးပစ္စည်းတွေကြောင့် ပျက်စီးနိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။

**သစ်သီးဖျော်ရည်**

သစ်သီးဖျော်ရည်တွေက အရောင်ကျစေနိုင်တဲ့အာနိသင်ရှိပြီး စိတ်ရောကိုယ်ပါကျန်းမာစေပါတယ်။ ဒါကြောင့် အဆစ်ရောင်ရောဂါတွေကိုသက်သာစေဖို့သစ်သီးဖျော်ရည်ကို သောက်ပေးနိုင်ပါတယ်။

**ဝိုင်နီ**

ဝိုင်နီမှာ ရီဗက်ဆီရော (Resveratrol) လို့ခေါ်တဲ့ ဒြပ်ပေါင်းပါဝင်ပါတယ်။ ဒါကြောင့် အဆစ်ရောင်တာကို သက်သာစေဖို့ဆိုရင် တစ်ရက်ကို ဝိုင်နီတစ်ခွက်လောက် သောက်ပေးနိုင်ပါတယ်။

# သထုံမြို့၌ ခွေးရူးရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောဆွေးနွေး



သထုံ စက်တင်ဘာ ၂၄

မွန်ပြည်နယ် သထုံမြို့နယ်၌ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၄ ရက်တွင် သထုံမြို့ လိပ်အင်းရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာနှင်းက ခွေးရူးရောဂါကင်းစင်ရေး မနေ့အမြန်လက်တွဲပေးဆောင်ပုဒ်နှင့်အညီ ခွေးရူးရောဂါကင်းစင်အောင် ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် သထုံခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြစိမ်းရောင်(နို့စားနွား)မွေးမြူရေးနှင့်နို့ပေါင်းစက်ကော်မတီနှင့် မြန်မာစီပီကုမ္ပဏီတို့မှ ပူးပေါင်းလှူဒါန်းသည့်ကြက်ဥနှင့် နွားနို့အာဟာရများ တိုက်ကျွေးကြသည်။

ဆက်လက်၍ သထုံမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခွန်မင်းမောင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းဦးတို့က ခွေးရူးရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပျံ့နှံ့ပုံများ၊ ကာကွယ်ရန်နည်းလမ်းများစသည့် ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာတို့ကို အသိပညာပေးဆွေးနွေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ သထုံခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သထုံခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# မိုးနဲမြို့နယ်၌ မိုးစပါးပန်းတိုင်ရရှိရေး စံပြစိုက်ခင်းစိုက်ပျိုး



မိုးနဲ စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးစံပြစိုက်ခင်းသုံးဧက စိုက်ပျိုးခြင်းကို စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် နားလင်းကျေးရွာ ကွင်းအမှတ်(၃၆)တောင်သူဦးစိုင်းမာလာ၏လယ်မြေတွင် တောင်သူများနှင့်အတူ စိုက်ပျိုးကြောင်းသိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများနှင့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပြီး စပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိန်ကိုက် အချိုးကျထည့်သွင်းနိုင်ရေး၊ စပါးဖျက်ပိုးမွှား အန္တရာယ်စနစ်တကျ ကာကွယ်နှိမ်နင်းရေးတို့အတွက် တောင်သူပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများကိုဆောင်ရွက်ပေးလျက်ရှိသည်။

မိုးနဲမြို့နယ်၌ ယခုနှစ်မိုးစပါး ၁၁၀၇၆ ဧကရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးထံမှသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညီညာတွဲလက် မဲပေးစက်နှင့်

❖ ပါတီစုံညီ၊ ဒီမိုကရေစီ
ရေရှည်ရပ်တည်၊ ချမှတ်ရည်၍
ပြည်မပြည်နယ်၊ ကိုယ်စားလှယ်တို့
ဖလှယ်ဆွေးနွေး၊ မူချပေးလျက်
ရွေးကောက်တင်မြှောက်၊ ထောက်ခံတည်ပြု
ပြည်သူ့ကိုယ်စားလှယ်၊ ရွေးချယ်သည့်ပွဲ
မဲပေးကြမည်၊ မဲရုံဆီသို့။

❖ အီလက်ထရောနစ်၊ မဲစနစ်ဖြင့်
ခေတ်မီစံပြ၊ ရွေးချယ်ကြမည်
တက်ကြွပြည်သူ၊ ရှင်ကြည်ဖြူလျက်
အတူတကွ၊ မဲပေးကြ၍
လောကအကျိုး၊ ထမ်းသယ်ပိုးကြ
မျိုးချစ်စိတ်ဓာတ်၊ စဉ်ကိန်းဝပ်လျက်
တပ်နှင့်ပြည်သူ၊ မခွဲမူနှင့်
စိတ်တူကိုယ်တူ၊ ပူးပေါင်းကူစို့။

❖ ပါတီစုံညီ၊ ဒီမိုကရေစီ
ဖြစ်တည်လာရေး၊ ရေရှည်တွေး၍
ပေးအပ်ဝန်တာ၊ ကျေပွန်စွာနှင့်
ကျရာအခန်း၊ ပါဝင်ထမ်းကြ
ရည်မှန်းပါတီ၊ စုံစုံညီနှင့်
ဒီမိုကရေစီ၊ စနစ်ဆီသို့
ညီညာတွဲလက် မဲပေးစက်နှင့်
ချီတက်မဲပေး ကြပါစို့။ ။

**ကျော်လွင်ဦး(ပျဉ်းမနား)**

# အငြိမ်းစား ဝန်ထမ်းများ၏ ပင်စင်လစာများ ထုတ်ပေးလျက်ရှိ

ကဝ စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို စက်တင်ဘာလ ၂၃ ရက်တွင် ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း ကဝမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာထံမှ သိရသည်။

ထိုသို့ ပင်စင်ထုတ်ပေးရာတွင် ပင်စင်လစာငွေ လာရောက်ထုတ်ယူသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ စီမံဆောင်ရွက်ပေးထားပြီး ပင်စင်လစာငွေများအား ၃၀ ရက်အထိ အစိုးရရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ် နံနက် ၇ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထုတ်ပေးလျက်ရှိသည်။

ကဝမြို့နယ်အတွင်းရှိပင်စင်စားအငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများအား ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသူများအနေဖြင့် မိသားစုဝင်တစ်ဦးမှ ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူနိုင်ကြောင်း သိရသည်။

**အောင်ဖြူလင်း၊ (၄၁၀)**



# ကန့်ဘလူမြို့ပေါ်ရှိဆေးဆိုင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှုရှိ၊ မရှိစစ်ဆေး

ကန့်ဘလူ စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ပေါ်ရှိ ဆေးဝါးပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ တာဝန်ရှိသူများက စက်တင်ဘာလ ၂၃ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကန့်ဘလူခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဝင်များက ဆေးဆိုင်များတွင် ပြည်သူလူထုဘေးအန္တရာယ်ဖြစ်စေနိုင်သော သက်တမ်းလွန်ဆေးဝါးများနှင့် တရားမဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြန့်ဖြူးရောင်းချနေမှု ရှိ၊ မရှိ စစ်ဆေးသည်။

ထို့နောက် ဆေးဆိုင်လုပ်ငန်းရှင်များအနေဖြင့် ဆေးဝါးပစ္စည်းများရောင်းချရာတွင် ပြည်သူလူထုဘေးအန္တရာယ်မဖြစ်စေရေးအတွက် တရားမဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများနှင့် သက်တမ်းလွန်နေသောဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ကြရန် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြစ်မှုပြစ်ဒဏ်များကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဝင်များက အသိပညာပေးဆွေးနွေးပြောကြားသည်။

"ဆေးပစ္စည်းများဝယ်ယူရာမှာ မလိုလားအပ်တဲ့ဘေးအန္တရာယ်တွေ မဖြစ်စေဖို့အတွက် ဆေးပစ္စည်းအရောင်းဆိုင်တွေမှာ သက်တမ်းလွန်ဆေးဝါးပစ္စည်းတွေ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန် ကွင်းဆင်းကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဆေးဝါးပစ္စည်းတွေဝယ်ယူသုံးစွဲရာမှာ သက်တမ်းလွန်နေတဲ့ဆေးဝါးတွေဟုတ်၊ မဟုတ် သေချာစစ်ဆေးပြီး ဝယ်ယူသုံးစွဲကြဖို့နဲ့ တရားမဝင်မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဆေးဝါးပစ္စည်းတွေဆိုရင် ဝယ်ယူသုံးစွဲခြင်းမပြုကြဖို့ ပြောကြားလိုပါတယ်" ဟု ကန့်ဘလူခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမျိုးဝင်းသန်းက ပြောကြားကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| | | မေတ္တာပို့ |
| | | ဓမ္မပူဇာတေး |
| | | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၁:၀၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၆။ | ၁၃:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး |
| ၇။ | ၁၅:၀၀ | ဓာတ်လမ်းတို |
| ၈။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာအန္တရာယ် |
| ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၀။ | ၁၈:၄၀ | **ပြည်သူ့ကြားက ပြည်သူ့စကား** |
| ၁၁။ | ၁၈:၅၀ | **စိုက်ပျိုးသုတ** |
| ၁၂။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ ကာလေန ဓမ္မသာဝနံ** |

## MWD Variety Channel

၂၅-၉-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၁၁:၃၀ | ကဗျာအလှ ရသလွှင်ပြင် |
| ၂။ | ၁၂:၂၀ | Variety Choice |
| ၃။ | ၁၆:၂၅ | ကြယ်ပွင့်များရဲ့ခြေလှမ်းသစ် |
| ၄။ | ၁၇:၅၀ | အားကစားနည်း သမိုင်းကြောင်း |

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၄


၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction–IDDRR) အထိမ်းအမှတ်အဖြစ် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆင့်အလိုက်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား အောက်တိုဘာလ ၁၀ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

**မြဝတီ**




❒ ကျောဖုံးမှအဆက်

ပြတ်ထွက်လာသောတိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ ၃၀-၉-၂၀၂၅ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးလေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်ဦးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် (ဗုဒ္ဓဟူး)နေ့သည် “ဘဏ်ပိတ်ရက်” ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ပြင်ဦးလွင်ခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့မှ MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော် တွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြင်ဦးလွင်ခရိုင် MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို အပိုင်းလိုက်ကျင်းပမည့် မြို့နယ်များသို့ သတ်မှတ်လျာထားကာလအတွင်း ရွှေ့ပြောင်းတပ်ဆင်စမ်းသပ်ခြင်းဆောင်ရွက်ရန်၊ လျာထားမဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မြို့နယ်အလိုက် အသေးစိတ်စီမံချက်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြင်ဦးလွင်ခရိုင် MEVM ကြီးကြပ်မှုနှင့် နည်းပညာအထောက်အကူပြုအဖွဲ့ခေါင်းဆောင်များနှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက စက်များတပ်ဆင်စမ်းသပ်ခြင်း၊ ကိုင်တွယ်ခြင်းတို့အတွက် ဆင့်ပွားသင်တန်းပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပြည်သူများသို့ မဲပေးစက်နှင့် ဆန္ဒမဲပေးခြင်းအတွက် အသိပညာပေးဆောင်ရွက်နေမှုများနှင့် ရွေးကောက်ပွဲဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်သည် ပြင်ဦးလွင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုင်ငံရေးပါတီများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ လာရောက်တင်သွင်းနေမှုများကို တာဝန်ရှိသူများက ဥပဒေနှင့်အညီ စိစစ်လက်ခံဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင်လည်း ကော်မရှင်အဖွဲ့ဝင်သည် ကျောက်ဆည်ခရိုင် MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့်လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြော

ရှင်း စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် မြို့ကုန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ရွာငံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က ကျောင်းသား၊ကျောင်းသူများအား စာဖတ်ရှုနိုင်မြှင့်တင်ရေးအတွက် စာဖတ်ခြင်းအကျိုးကျေးဇူးအကြောင်း၊ လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာအကြောင်း၊ ဗလငါးတန်အကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရေးအတွက် သုတ၊ ရသစာအုပ်များဖတ်ရှုစေပြီး မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးနံရံကပ်စာစောင်များပြသသည်။

ထို့နောက်ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုမှတ်သားကြကြောင်းနှင့် အလားတူ ဈေးတန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌လည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ (၄၀၅)

# သာယာဝတီခရိုင်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်



သာယာဝတီ စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်တင်ဘာလ ၂၃ ရက် မွန်းလွဲပိုင်းတွင် ခရိုင်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဆောင်ရွက်ကြောင်းသိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု၌ စပါးနှင့်ဘဲ ပေါင်းစပ်စိုက်ပျိုးမွေးမြူခြင်း သရုပ်ပြသမှုအား ကွင်းဆင်းကြည့်ရှုအားပေးပြီး စပါးခင်းများအတွင်း မိုးရာသီတွင် ကျရောက်လေ့ရှိသည့် ရွှေခရုများနှိမ်နင်းရာတွင် ပိုးသတ်ဆေးမသုံးဘဲ သဘာဝနည်းလမ်းအတိုင်း ဘဲမွေးမြူလွှတ်ကျောင်းခြင်းသည် အထိရောက်ဆုံးဖြစ်ကာ ဒေသတွင်း အသား၊ ဥဖူလုံမှုကိုလည်း တိုးတက်လာစေနိုင်မည်ဖြစ်၍ ကျေးရွာအုပ်စုများအလိုက် တောင်သူအစုအဖွဲ့ဖြင့် ဘဲမွေးမြူခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စု၌ မိုးစပါးစံပြအကွက်ကျယ် တစ်ကွင်းတစ်ဆက်တည်း ဧက ၃၀၀ ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းလှမြို့နယ် သပြေစမ်းကျေးရွာအုပ်စု၌ မိုးစပါးစံပြအကွက်ကျယ် တစ်ကွင်းတစ်ဆက်တည်း ဧက ၃၀၀ ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးပြီး ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးသီးနှံရွေးချယ်ခြင်းနှင့် အသိပညာများရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်


မိတ္ထီလာ စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့ရှိကျေးရွာတို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတစ်ရွာလျှင်ငွေကျပ်၁၅သန်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ် ရွာသာကျေးရွာ၊ အိုးအိုင့်ကုန်းကျေးရွာ၊ ရေဝေကျေးရွာ၊ အလည်ရွာကျေးရွာအုပ်စု အလည်ရွာကျေးရွာ၊ မလှိုင်မြို့နယ် ကုန်းတဲ(တ)ကျေးရွာ၊ သာစည်မြို့နယ် ကုက္ကိုကြန်ကျေးရွာ၊ ဆံမြိတ်ရှည်ကျေးရွာနှင့် ဝမ်းတွင်းမြို့နယ် ဆုံကုန်းကျေးရွာတို့၌ ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၀၂)



# နယ်စပ်ရေးရာဝန်ကြီးဌာန၏ (၃၃) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





နေပြည်တော် စက်တင်ဘာ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန၏ (၃၃) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ကျင်းပရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှအရာထမ်းအမှုထမ်းများနှင့်ဂုဏ်ပြုဆုရရှိသည့် ဝန်ထမ်းများတက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှစ်ပတ်လည်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပပေးရခြင်းမှာ မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် လုပ်သက်နှစ် ၃၀ အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်မှု၊ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်မှု၊ မန္တလေးလျှင်ကြီးလှုပ်ခတ်ခဲ့သည့် ကာလအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ထမ်းဆောင်မှု၊ သင်တန်းများတွင် ထူးချွန်စွာဆောင်ရွက်နိုင်မှု၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက် နိုင်မှု၊ ရုံးခန်း၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ အားကစားထူးချွန်မှု၊ သုံးနှစ်တာကာလ အတွင်း ခွင့်ခံစားခြင်း မရှိမှု၊ ၂၅ ကြိမ်နှင့် အထက် သွေးလှူဒါန်းမှု၊ ပြည်ပစာတမ်း ဖတ်ကြားမှုများနှင့် အထိမ်းအမှတ်ပြိုင်ပွဲ များတွင် ထူးချွန်စွာဆောင်ရွက်နိုင်မှု၊ ရုံးလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်း ဆောင်နိုင်မှု၊ ဝန်ထမ်းအိမ်ရာများတွင် သန့်ရှင်းရေးနှင့် စိုက်ပျိုးရေးဆောင်ရွက် နိုင်မှုတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်နိုင်ရေး အတွက် ဆောင်ရွက်ပေးရခြင်းဖြစ် ကြောင်း။

နှစ်ပတ်လည်နေ့အခမ်းအနား၌ ဝန်ထမ်း များစိတ်အပန်းပြေပျော်ရွှင်စေရန်အတွက် ဗလာမပါ ကံစမ်းမဲဖွင့်ဖောက်ခြင်းကိုလည်း ထည့်သွင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင် ဆင်နွှဲခဲ့ကြသည့်အတွက် များစွာဝမ်းမြောက် မိကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူ များအတွက် စေတနာထားရှိပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိပြီး အားထားရသည့် ဝန်ထမ်းကောင်းများအဖြစ် ကျရာအခန်း ကဏ္ဍအသီးသီး၌ စည်းလုံးညီညွတ် ပျော်ရွှင်စွာ ဝိုင်းဝန်းလက်တွဲပြီး ဝန်ကြီး ဌာန၏ ဂုဏ်သိက္ခာနှင့်စွမ်းရည်တို့ကို မြှင့်တင်၍ ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြား သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဌာန အလိုက်ဂုဏ်ပြုဆုရရှိသူများ၊ ကံစမ်းမဲပေါက် ခဲ့ကြသည့်ဝန်ထမ်းများကို ဂုဏ်ပြုဆုများနှင့် ဆုမဲပစ္စည်းများကို လက်ဝယ်အရောက် ပေးအပ်ကာ ဆုရရှိသူတစ်ဦးကကျေးဇူးတင် စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရ သည်။

မြဝတီ

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါ သည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှုကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမား တို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၂°C |
| ရန်ကုန် | ၂၅°C | / | ၃၀°C |
| မန္တလေး | ၂၃°C | / | ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့်ညှိနှိုင်းစည်းဝေး



နေပြည်တော် စက်တင်ဘာ ၂၄

ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင် ရေးလုပ်ငန်း ကော်မတီ၊ ဆပ်ကော်မတီများ နှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင် ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူ များတက်ရောက်ကြပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန် ဦးညီညီ၊ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင် အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်း အရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင် မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံ တကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ် သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ် ကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသို့ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် လာရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည့် လမ်းညွှန်မှုများ ပေးထားပြီးဖြစ်ကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ပြသမှုတစ်ခုတည်းသာမက အနု ပညာလုပ်ငန်းများစွာ ဘက်စုံအသုံးပြုနိုင် ရေး ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မတ်လတွင် ဖွင့်လှစ်နိုင်ရေး ကြိုတင် စီစဉ်ဆောင်ရွက်ပေးရန်လို ကြောင်း၊ ဝဇီရာရုပ်ရှင်ရုံအား အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် ယာဉ်ရပ်နားရန်နေရာ များကိုပါ တစ်ပါတည်း စဉ်းစားဆောင်ရွက် ကြရန်လိုအပ်သကဲ့သို့ ရုပ်ရှင်ရုံသို့ လာရောက် ကြသည့် ပရိသတ်များ အဆင်ပြေချောမွေ့ စွာလာရောက်နိုင်ရေးအတွက် သင့်လျော် သည့်နေရာတွင် လူကူးခုံးကျော်တံတား သို့မဟုတ် မြေအောက်လမ်းကူး လူသွား ဥမင်(Underpass) တည်ဆောက်ရေးကိစ္စများ ကိုပါ ကြိုတင်တွက်ဆစဉ်းစား ဆောင်ရွက် ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဝဇီရာရုပ်ရှင်ရုံ ကို နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် စပ်လျဉ်း ၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက်ဆပ်ကော်မတီဥက္ကဋ္ဌများက လေအေးပေးစက်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အဆောက် အအုံပြုပြင်မွမ်းမံခြင်းဆိုင်ရာ ဆောင်ရွက် ရမည့် လုပ်ငန်းများ၊ အသံ (Audio)၊ မီး (Lighting)၊ ပြသခြင်း(Projection)ဆိုင်ရာ ပြုပြင်မွမ်းမံရန် လိုအပ်သည့်လုပ်ငန်းများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြ သည်။

ဆက်လက်၍ တက်ရောက်လာကြသူ များက အဆောက်အအုံ ပြုပြင်မွမ်းမံခြင်း၊ ဗိသုကာဆိုင်ရာ နည်းပညာများ၊ လျှပ်စစ် ကဏ္ဍ၊ ရေနှင့် မိလ္လာ ကောင်းမွန်စေရေး၊ လူသွားစင်္ကြံများစနစ်တကျဖြစ်စေရေး၊ ပြဇာတ်အပြင်အဆင်စသည်တို့နှင့်စပ်လျဉ်း ၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# သဘာဝပတ်ဝန်းကျင်ကို အလှဆင်မည့်သူများ

ရေနံ့သာမောင်ကျော်ညွန့်

မိမိနေထိုင်ရာဘေးပတ်လည်တစ်ဝိုက်သည် မိမိ၏ပတ်ဝန်းကျင်ဖြစ်သည်။ မိမိ၏ပတ်ဝန်းကျင်သည် မိမိနှင့်အနီးစပ်ဆုံးဖြစ်သည်။ မိမိနှင့်လည်းဆက်စပ်နီးနွယ်နေသည်။ မိမိ၏ပတ်ဝန်းကျင်က မိမိနှင့်အတူ အမြဲတမ်းမခွဲမခွာရှိနေသည်။ မိမိသည် မိမိ၏ပတ်ဝန်းကျင်နှင့် ကင်းကွာ၍မရပေ။ မိမိနှင့်မိမိ၏ပတ်ဝန်းကျင်သည် အပြန်အလှန်အမှီသဟဲပြုနေသည်။ အကျိုးသက်ရောက်မှုကလည်း အပြန်အလှန်ရှိသည်။ မိမိပတ်ဝန်းကျင်က သန့်ရှင်းသာယာနေပါမှ မိမိသည်ရွှင်လန်းနေရမည်။ လှပနေပါမှ မိမိသည်ကြည်နူးနေရမည်။ တိတ်ဆိတ်နေပါမှ မိမိသည်စိတ်ချမ်းသာနေရမည်။ မိမိပတ်ဝန်းကျင်ကဆူညံနေပါမှ မိမိစိတ်မချမ်းသာရဘဲ စိတ်ဆင်းရဲနေရမည်။ ပွေလီရှုပ်ထွေးနေပါမှ မကြည်မလင်၊ မရွှင်မလန်းနိုင်ဘဲ ညစ်ညူးနောက်ကျိနေရမည်။

**ပတ်ဝန်းကျင်သည် လူမှုဘဝနှင့်ဆက်စပ်နေသည်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်က အကျိုးပြုပေးနေသည်။ အကျိုးပြုနေသောပတ်ဝန်းကျင်ကို လူတိုင်းကမြတ်မြတ်နိုးနိုး တန်ဖိုးထားကြရပေမည်။ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်နိုးကြားရှင်သန်နေအောင် ကျောင်းနေအရွယ်ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးနေရမည်ဖြစ်. . .**

လူတစ်ဦးချင်းစီတွင် ပတ်ဝန်းကျင်ရှိသည်။ လူတစ်ဦးချင်းစီတွင်ရှိနေသော ပတ်ဝန်းကျင်ကို သန့်ရှင်းသာယာလှပအေးချမ်းအောင် လုပ်ဆောင်ပေးနေသည်မှာ အခြားမည်သူမျှမဟုတ်ပေ။ ထိုပတ်ဝန်းကျင်တွင် နေထိုင်ကြသောသူများသာဖြစ်သည်။ ပတ်ဝန်းကျင်ကို ဆူညံနေအောင်၊ ပွေလီရှုပ်ထွေးနေအောင်၊ မသန့်ရှင်းညစ်ပတ်ညစ်ထည်းနေအောင်၊ မသာယာ မလှမပဖြစ်အောင်လုပ်ဆောင်နေသည်မှာလည်း အခြားမည်သူမျှမဟုတ်ပေ။ ထိုပတ်ဝန်းကျင်တွင်နေထိုင်ကြသူများသာဖြစ်သည်။ ပတ်ဝန်းကျင်ကောင်းခြင်း မကောင်းခြင်း၊ သန့်ရှင်းခြင်း မသန့်ရှင်းခြင်း၊ လှပခြင်း မလှပခြင်း၊ သာယာခြင်း မသာယာခြင်း၊ အေးချမ်းခြင်း မအေးချမ်းခြင်းတို့သည်ကား ပတ်ဝန်းကျင်တွင်နေထိုင်ကြသည့်သူများအပေါ်တွင် မူတည်နေသည်။

ငယ်စဉ်က ဒုတိယတန်းအထိ ပတ်ဝန်းကျင်လေ့လာမှုဘာသာရပ်ကိုသင်ယူခဲ့ရသည်။ ငယ်ဆရာက ပတ်ဝန်းကျင်လေ့လာမှုဘာသာရပ်ကို သင်ကြားလေ့ကျင့်ပေးရာတွင် "ကိုယ့်ပတ်ဝန်းကျင်၊ သာစေချင်၊ မဆင်မခြင်မလုပ်နှင့်" ၊ "ကိုယ့်ဝန်းကျင်မှာ၊ ကိုယ့်ဝန်တာ၊ ရေသာမခိုနှင့်"၊"ကိုယ့်ဝန်းကျင်နား၊ အမှိုက်များ၊ ဖယ်ရှားအမှိုက်ကောက်" ၊"ဝန်းကျင်တစ်ဝိုက်၊ သန့်မှကြိုက်၊ အမှိုက်မရှုပ်နှင့်" ၊"ဝန်းကျင်ကောင်းကျိုး၊ ချစ်မြတ်နိုး၊ သယ်ပိုးဆောင်ရွက်ကြ"၊ "ဝန်းကျင်လည်းလှ၊ ကိုယ်လည်းလှ၊ လှပသာယာမည်"၊"ဝန်းကျင်လည်းအေး၊ ကိုယ်လည်းအေး၊ အေးချမ်းသာယာမည်"၊ "ဝန်းကျင်လည်းမွှေး၊ ကိုယ်လည်းမွှေး၊ မွှေးလန်းသာယာမည်"၊ "ဝန်းကျင်လည်းကောင်း၊ ကိုယ်လည်းကောင်း၊ ကောင်းကျိုးချမ်းသာရ" ဟူသော ဆောင်ပုဒ်ဆန်ဆန်သံပေါက်ကဗျာများကို ရွတ်ဆိုပြသည်။ ကျွန်တော်တို့က ရွတ်ဆိုကြရသည်။ ခဏခဏရွတ်ဆိုကြရသောကြောင့် အလွတ်ရနေသည်။ ထိုဆောင်ပုဒ်ဆန်ဆန် သံပေါက်ကဗျာများက ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးစေရန်၊ တန်ဖိုးထားတတ်စေရန်နှင့်ပတ်ဝန်းကျင်ကို အလှဆင်သူဖြစ်စေရန်၊ ပတ်ဝန်းကျင်၏အလှကို ဖျက်ဆီးသူမဖြစ်စေရန် သတိပေးနေခြင်းဖြစ်သည်။

ငယ်စဉ်ကျောင်းနေအရွယ်က မိသားစုပတ်ဝန်းကျင်နှင့် မိသားစုဝင်အချင်းချင်းနေထိုင်မှုပတ်ဝန်းကျင်၊ ကျောင်းပတ်ဝန်းကျင်နှင့်ကျောင်းတွင်းနေကျောင်းသား၊ ကျောင်းသူအချင်းချင်းနေထိုင်မှုပတ်ဝန်းကျင်မျှသာ ကျင်လည်ခဲ့ရသည်။ အသက်အရွယ်ရလာသည့်အခါ နေထိုင်ရာဒေသ၏ပတ်ဝန်းကျင်၊ နေထိုင်ရာဒေသရှိ လူနေမှုပတ်ဝန်းကျင်၊ နေထိုင်ရာဒေသရှိ မြေထု၊ ရေထု၊ လေထု ပတ်ဝန်းကျင် စသည့်ပတ်ဝန်းကျင်အမျိုးမျိုးတွင် ကျင်လည်လာကြရသည်။ အသက်အရွယ်ရလာသည်နှင့်အမျှ ကြုံတွေ့ရသည့်ပတ်ဝန်းကျင်က ကျယ်ပြန့်လာခြင်းဖြစ်သည်။ ကျယ်ပြန့်လာသော ပတ်ဝန်းကျင်အမျိုးမျိုးကို အနှစ်ချုပ်လိုက်ပါက လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်တို့ဖြစ်သည်။ ထိုလူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူ၊ တန်ဖိုးထားလေးစားသူ၊ အလှဆင်သူများဖြစ်ပေါ်လာအောင် အခြေခံပညာကျောင်းများက အစပျိုးသင်ကြားလေ့ကျင့်ပေးထားပြီးဖြစ်သည်။

မည်သူမဆို လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထဲတွင် ကျင်လည်နေထိုင်ကြရသည်။ နေထိုင်ကြရာ၌ လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ် ပြည့်ဝရန်လိုသည်။ အရာရာတွင် ရိုင်းပင်းကူညီခြင်း၊ အရာရာတွင် စာနာထောက်ထားခြင်း၊ အရာရာတွင် ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း၊ အရာရာတွင်တည်ကြည်ဖြောင့်မတ်ခြင်း၊ အရာရာတွင် အများအကျိုးသယ်ပိုးဆောင်ရွက်ခြင်း၊ အရာရာတွင်အလေးအနက်ထားခြင်း၊ အပြန်အလှန်လေးစားခြင်း စသည်တို့သည် လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ်ပြည့်ဝခြင်း၏ စရိုက်လက္ခဏာများဖြစ်သည်။

ထိုစရိုက်လက္ခဏာမျိုးရှိသူသည် အရာရာတွင် ရိုင်းပင်းကူညီသည်။ လျစ်လျူရှုမနေကြပေ။ အရာရာတွင် စာနာထောက်ထားသည်။ တစ်ကိုယ်ကောင်းမဆန်ကြပေ။ အရာရာတွင် ကိုယ်ကျိုးစွန့်အနစ်နာခံသည်။ တွန့်ဆုတ်ကြောက်ရွံ့သူများမဟုတ်ကြပေ။ အရာရာတွင် တည်ကြည်ဖြောင့်မတ်သည်။ ကောက်ကျစ်စဉ်းလဲသူများမဟုတ်ကြပေ။ အရာရာတွင် အများအကျိုးကိုသာ ရှေးရှုသည်။ ကိုယ်ကျိုးအတ္တကို ရှေ့တန်းမတင်ပေ။ အရာရာတွင် အလေးအနက်ထားသည်။ ပေါ့ပေါ့တန်တန်လက်လွှတ်စပယ် မပြုပေ။ အပြန်အလှန်လေးစားသည်။ မထီမဲ့မြင် မလုပ်ပေ။ ထိုသို့ လူမှုရေးအသိ၊လူမှုရေးစိတ်ဓာတ်ပြည့်ဝသူများသည် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်၏ ကောင်းကျိုးချမ်းသာကိုလိုလားကြသူများဖြစ်သည်။ လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်၏ကောင်းကျိုးချမ်းသာကို သယ်ပိုးဆောင်ရွက်ပေးနေကြသူများလည်းဖြစ်သည်။

လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ်ပြည့်ဝသူများ၏ စရိုက်လက္ခဏာများနှင့် ဆန့်ကျင်နေသူများသည် လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ်ပျက်ပြားခေါင်းပါးနေသူများဖြစ်ကြပေသည်။ လူမှုရေးစိတ်ဓာတ်ပျက်ပြားခေါင်းပါးနေသူများ၏ ဂယက်ရိုက်ခတ်မှုကြောင့် တည်ငြိမ်နေသော လူမှုပတ်ဝန်းကျင်သည် မတည်မငြိမ်ဖြစ်ရသည်။ အေးချမ်းသာယာနေသော လူမှုပတ်ဝန်းကျင်သည် မအေးမချမ်း၊ မသာမယာဖြစ်ရသည်။ လှပနေသောလူမှုပတ်ဝန်းကျင်သည် အရုပ်ဆိုးအကျည်းတန်သွားရသည်။ ပျော်ရွှင်စရာ၊ ကြည်နူးစရာကောင်းလှသော လူမှုပတ်ဝန်းကျင်သည် ညစ်ထည်းသွားရသည်။ ဣဋ္ဌာရုံများက အနိဋ္ဌာရုံများဖြစ်သွားရသည်မှာ လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ်ပျက်ပြားခေါင်းပါးနေသူများကြောင့်ပင်ဖြစ်သည်။

လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ်ပျက်ပြားခေါင်းပါးနေသူများသည် လူမှုပတ်ဝန်းကျင်ကို ပျက်စီးအောင်ဖျက်ဆီးနေရုံသာမက သဘာဝပတ်ဝန်းကျင်တွင် သဘာဝအလှတရားများနှင့် တည်ရှိနေသော မြေထု၊ ရေထု၊ လေထု ဂေဟစနစ်များကိုပါ ပျက်စီးအောင်ဖျက်ဆီးနေကြသည်။ ထိုသူများ၏စဉ်းစား၊ ဆင်ခြင်၊ အမြော်အမြင်နည်းပါးမှုကြောင့် မြေထု၊ ရေထု၊ လေထုသဘာဝပတ်ဝန်းကျင်တစ်ခွင်လုံး ညစ်ညမ်းရသည်။

ဂေဟစနစ်များပျက်စီးပြီး သဘာဝပတ်ဝန်းကျင်တစ်ခွင်လုံးညစ်ညမ်းရာမှရရှိလာသော သဘာဝဘေးဒဏ်အမျိုးမျိုးကို လူနှင့်သက်ရှိသတ္တဝါများအားလုံး ခါးခါးသီးသီး၊ ဆိုးဆိုးရွားရွားခံစားကြရပေသည်။

သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုကြောင့် ကမ္ဘာကြီးပူနွေးလာသည်။ ရာသီဥတုဖောက်ပြန်လာသည်။ အချိန်အခါမဟုတ်မိုးရွာလာသည်။ ရေကြီးရေလျှံဖြစ်ပေါ်လာသည်။ မုန်တိုင်းကြီးများ ဖြစ်ပေါ်တိုက်ခတ်လာသည်။ မြေဆီမြေနှစ်များခြောက်ခန်းလာသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ တိမ်ကောလာသည်။ လေထုညစ်ညမ်းလာသည် စသည်ဖြင့် သဘာဝဘေးဒဏ်အမျိုးမျိုးဖြစ်ပေါ်လာသည်။ ထိုသို့ဖြစ်ပေါ်လာမှုများကြောင့် မြေသယံဇာတ၊ ရေသယံဇာတ၊ လေသယံဇာတ စသည့်သယံဇာတများဆုံးရှုံးရသည်။ လူနှင့်သက်ရှိသတ္တဝါများ ထိခိုက်သေဆုံးရသည်။ လူမှုအကျိုးစီးပွားများပျက်စီးရသည်။ ဖွံ့ဖြိုးတိုးတက်မှုများနှေးကွေးရသည်။

ဖြစ်ပေါ်လာသောသဘာဝဘေးဒဏ်အမျိုးမျိုးက သဘာဝပတ်ဝန်းကျင်ပျက်စီးအောင် တစ်ဖန်ပြန်ပြီး ဖျက်ဆီးနေပြန်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးဒဏ်တို့က ပြန်လှန်သက်ရောက်နေကြသည်။ သဘာဝပတ်ဝန်းကျင်ရှိ ဂေဟစနစ်များ ပျက်စီးညစ်ညမ်းလေလေ သဘာဝဘေးအန္တရာယ်များလေလေဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှလွတ်ကင်းဖို့အတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးညစ်ညမ်းစေမည့်အရာဟူသမျှကို မပြုဆောင်မိအောင် ရှောင်ကြဉ်ကြရပေမည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ပတ်ဝန်းကျင်သည် လူမှုဘဝနှင့်ဆက်စပ်နေသည်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်က အကျိုးပြုပေးနေသည်။ အကျိုးပြုနေသောပတ်ဝန်းကျင်ကို လူတိုင်းက မြတ်မြတ်နိုးနိုးတန်ဖိုးထားကြရပေမည်။ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်နိုးကြားရှင်သန်နေအောင် ကျောင်းနေအရွယ်ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးနေရမည်ဖြစ်ပေသည်။

ယနေ့အခါတွင် အခြေခံပညာကျောင်းများရှိ အခြေခံပညာသင် ကျောင်းသား၊ ကျောင်းသူများသည် "အိမ်လမ်းရွာကျောင်း၊ သန့်ရှင်းကြောင်း၊ စုပေါင်းအမှိုက်သိမ်း" ဟူသော ဆောင်ပုဒ်သံပေါက်ကဗျာကို တမြတ်တနိုးရွတ်ဆိုနေကြပြီ။ ရွတ်ဆိုကြသည့်အတိုင်း အမှိုက်လှဲ၊ အမှိုက်ကောက်၊ အမှိုက်သိမ်းခြင်းတို့ကို မိမိအသိစိတ်ဖြင့် ဂုဏ်ယူစွာဆောင်ရွက်နေကြသည်။ "ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး"၊ "ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာလှပရေး" လုပ်ငန်းများကို သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးနှင့်အတူ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး စုပေါင်းပြီး ပျော်ပျော်ပါးပါးဝိုင်းဝန်းဆောင်ရွက်နေကြသည်ကို မြင်တွေ့နေရသည်။

ထိုသို့ ဝိုင်းဝန်းစုပေါင်းပြီး ဆောင်ရွက်နေခြင်းသည် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားပြီး အလှဆင်သူများဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးနေခြင်းပင်ဖြစ်သည်။ အလေ့အကျင့်ကောင်းများနှင့် ကြီးပြင်းလာသော ကျောင်းနေအရွယ်အားလုံးတို့သည် ကျောင်းနေအရွယ်လွန်မြောက်၍ အရွယ်ရောက်သည့်အခါတွင် မိမိနေထိုင်ရာ သဘာဝပတ်ဝန်းကျင်ကို သာယာအေးချမ်းပြီး သန့်ရှင်းလှပစေရန် အလှဆင်ပေးနေကြမည့်သူများဖြစ်သည်။ ဆိုရသော် ယနေ့ကျောင်းနေအရွယ် မောင်မယ်တို့သည် သဘာဝပတ်ဝန်းကျင်ကို မြတ်မြတ်နိုးနိုးတန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတော်ကြီးကို တည်ဆောက်ကြမည့်သူများပင်ဖြစ်ပါသတည်း။ ။

# မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်အား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ဆော်ဒီအာရေဗျအစိုးရ၏ အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်ကို ၁၉၈၀ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် မွေးဖွားခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့ရှိ ကင်းဆော့ဒ်တက္ကသိုလ်မှ ဥပဒေဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ အီဂျစ်နိုင်ငံ အလက်ဇန္ဒရီးယားမြို့ရှိအလက်ဇန္ဒရီးယားတက္ကသိုလ်မှ နိုင်ငံတကာဥပဒေဘာသာရပ်ဖြင့် မဟာဘွဲ့ကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆော်ဒီအာရေဗျနိုင်ငံ အာရှနိုင်ငံများဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးရုံးတွင် သံအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆီးရီးယားနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆော်ဒီအာရေဗျနိုင်ငံ သံတမန်ရေးရာကောင်စီ၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၂၁ ခုနှစ်မှစ၍ အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးထွန်းကားသည်။

မြဝတီ

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး

" Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights"

၁.၁၀.၂၀၂၅ နေပြည်တော်

# ရှမ်းပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ကျင်းပခြင်း၊ ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP) အသုံးပြုဆောင်ရွက်ခြင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုနည်းဆိုင်ရာများ၊ ကိုယ်စားလှယ်လောင်းများကို စနစ်တကျစိစစ်ရန်နှင့် မဲစာရင်းများပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များကို စုဖွဲ့သင်တန်းပေးလေ့ကျင့်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ တောင်ကြီးခရိုင်အတွင်း ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များအတွက် (MEVM) မြန်မာအီလက်ထရောနစ်မဲပေးစက်များ ဖြန့်ခွဲ၊ သယ်ဆောင်အသုံးပြုမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှု ကြည့်ရှုအားပေး



နေပြည်တော် စက်တင်ဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ရှိ ဆန်းချီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ထိုသို့ ဒေသခံပြည်သူများ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ကိုင်တွယ်ပုံ၊ လက်တွေ့စမ်းသပ်သရုပ်ပြမဲပေးပုံ၊ မဲရုံခင်းကျင်းပုံ စသည်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့သည် ဆန်းချီဘုန်းတော်ကြီးကျောင်းအတွက် ဆန်၊ ဆီ၊ ဆားတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၁၅) သင်တန်းဆင်း



ရန်ကုန် စက်တင်ဘာ ၂၄

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၅)၏ သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အားအလေးပြုပြီး ဆက်လက်၍ နိုင်ငံတော်အလံအား အလေးပြုကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုနှင့် စာပေထူးချွန်ဆု၊ သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်ကာ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ(ပညာဌာနမှူး)များ ၊ ဆရာ ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၂၁ ဦး၊ သင်တန်းသူ ၂၄၉ ဦး စုစုပေါင်း ၃၇၀ ဦးတက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇူလိုင်လ ၁၄ ရက်မှ စက်တင်ဘာလ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်    စက်တင်ဘာ    ၂၄

(၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိသာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်၊ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ချောချောစိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့်ဘာသာရပ်များတွင် ပြိုင်ပွဲဝင်များ အဆင့်အလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီက ချမှတ်ထားသည့် ပြိုင်ပွဲဝင်စည်းကမ်းချက်များနှင့်အညီ စိစစ်ရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲအကြိုကာလ လှုံ့ဆော်ရေးအစီအစဉ်အဖြစ် ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခန်းများ ရိုက်ကူးပြီး မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပြသရေး၊ ပြိုင်ပွဲဦးတည်ချက်များ၊ အဆိုနှင့်အတီး စံပြုတေးသီချင်းများထုတ်လွှင့်ရေး၊ လှုံ့ဆော်ရေးဆိုင်းဘုတ်များစိုက်ထူရေးတို့ကို ဆောင်ရွက်ကြရန်၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြိုတင်စစ်ဆေးကာကွယ်မှုများ ပြုလုပ်နိုင်ရေး ဆောင်ရွက်ရန်၊ ယခုနှစ်ကျင်းပမည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပြိုင်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဦးစီးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်ကာလ၊ ပြိုင်ပွဲကာလ၊ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအပါအဝင် ပြိုင်ပွဲပြီးဆုံးချိန်အထိ မူလစီမံထားရှိသည့်အတိုင်း စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကျော်ခဲ့သည့်လမ်းများ သန့်ရှင်းရေးဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော်    စက်တင်ဘာ    ၂၄

စက်တင်ဘာလ ၂၃ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဗ္ဗသီရိ မြို့နယ် တပင်ရွှေထီးရပ်ကွက် သစ်တောလမ်း လမ်းမပေါ်ရေကျော်၍ တင်ကျန်ခဲ့သည့်နုန်းမြေများ ဖယ်ရှားရှင်းလင်းနေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်းတင်ကျန်ခဲ့သည့် နုန်းမြေများ ဖယ်ရှားသန့်ရှင်းနေမှုကိုလည်းကောင်း၊ နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့ပတ်လမ်းမကြီး ရေကျော်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် စနစ်တကျဆောင်ရွက်သွားရန်၊ အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်သွားရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည့်ရေထုတ်မြောင်းများ စနစ်တကျဖောက်လုပ်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းတောင်ပေါ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး၊ ဝမ်တာခက်တံတားသစ်ဆောက်လုပ်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး

နေပြည်တော်    စက်တင်ဘာ    ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းတောင်ပေါ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် မက်မန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်း၊ "ဝ"လွယ်လနှင့် လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မက်မန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဒေသဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ဆွေးနွေးတင်ပြမှုများကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။


ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မက်မန်းမြို့ရှိ ပညာဒီပကျောင်းတိုက်သို့သွားရောက်၍ သံဃာတော်များအား ဆွမ်းဆန်နှင့်လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ၎င်းနောက် မိုင်းပျဉ်း-မက်မန်းလမ်းပေါ်ရှိ နမ့်ခချောင်းကူး ဝမ်တာခက်တံတားသစ်ဆောက်လုပ်ရေးစီမံကိန်းနေရာသို့ သွားရောက်၍ ဝမ်တာခက်ဘေလီတံတားဟောင်း၏ကြံ့ခိုင်မှုအခြေအနေနှင့် တံတားသစ်ဆောက်လုပ်နေမှုအခြေအနေများအားကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မက်မန်းတောင်ပေါ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါတံတားဟောင်းမှာ ၂၀၂၄ ခုနှစ်အတွင်း တောင်ကျချောင်းရေတိုက်စားမှုကြောင့် တံတားတိုင်များပျက်စီးခဲ့သဖြင့် ၎င်း၏အနီး၌ အရှည်(၄၄၀)ပေရှိ RC Concrete အမျိုးအစား တံတားသစ်အား ၂၀၂၅-၂၀၂၆ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တံတားဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသောစီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့်တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်




ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗာစီဗစ်မြို့၊ သာမာရှယ်ဗာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့က တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းသဇင်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် တက်ရောက်လာကြသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အင်္ဂလိပ်စာစကားလုံးဆက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကျင်းပနေမှုကို ကြည့်ရှုအားပေးပြီး ထူးချွန်ဆုရရှိကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား စာရေးဆရာမ မြမဉ္ဇူဝေ (ကျုံမငေး)က စာဖတ်ခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများခေါင်းစဉ်ဖြင့်အသိပညာပေးဟောပြောသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်နှင့် တာမွေမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိဆွေတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဆွေးနွေးခဲ့ကြသူများနှင့်ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ယင်းနောက် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုမော်က ကျေးဇူးတင်စကားပြောကြားပြီး ဆွေးနွေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံမှ အသင့်ပြင်ဆင်လာသည့် မြန်မာ့ရိုးရာအစားအစာဖြစ်သည့် လက်ဖက်အုပ်၊ လက်ဖက်ရည်၊ အသင့်ချက်ပြုတ်လာသည့် ငါးသလောက်ပေါင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြိန်ယှက်စွာသုံးဆောင်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr.Travnikov Ahdrey Aleksandrovich နှင့်အဖွဲ့ဝင်များအား မြန်မာနိုင်ငံမှအသင့်ပြင်ဆင်လာသည့် မြန်မာ့ရိုးရာအစားအစာဖြစ်သည့် လက်ဖက်အုပ်၊ လက်ဖက်ရည်၊ အသင့်ချက်ပြုတ်လာသည့် ငါးသလောက်ပေါင်းတို့ဖြင့် တည်ခင်းဧည့်ခံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich အား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ငဖဲမြို့နယ်၌ မိုးစပါး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ငဖဲ စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စိုက်ပျိုးပြီးစီးသည့်စပါးမျိုးကွဲအလိုက် စိုက်ဧကမှာ မနောသုခ ၃၁၁၆ ဧက၊ ဆင်းသုခ ၂၆၃၆ ဧက၊ အောင်နိုင်တိုး ၃၅ ဧက၊ ရောမင်း ဧက ၄၀၃၀၊ ကောက်ညှင်း ၉၉ ဧက၊ ရတနာတိုးနှစ်ဧကနှင့် တောင်ယာ ၄၅၅ ဧက စုစုပေါင်း ၁၀၃၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် ရောမင်းစပါးမျိုးများကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့ မိုးစပါးစိုက်ပျိုးရန် စိုက်ပျိုးရေကို မန်းချောင်းရေလှောင်တမံမှ ဧက ၃၂၄၀၊ ရင်းရှည်ရေလှောင်တမံမှ ၅၄၆ ဧက၊ ဆည်ငယ်၊ ကန်ငယ်များမှ ၄၇၁၂ ဧကနှင့် မိုးကောင်းသောက်မှ ၁၈၇၅ ဧက စုစုပေါင်း ၁၀၃၇၃ ဧကသို့ ဖြန့်ဝေစိုက်ပျိုးပြီးစီးခဲ့သည်။

ငဖဲမြို့နယ်အတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးများအောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ကူညီပံ့ပိုးပေးခြင်း၊ ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများ အသိပညာပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

# အင်းစိန်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့(အကြို) အသိပညာပေးဟောပြောပွဲ ပြပွဲပြိုင်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကမ္ဘာ့ဆရာများနေ့(အကြို)အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းမှကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်က ကမ္ဘာ့ဆရာများနေ့အကြောင်းကို ပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြန်မာစာ၊ အင်္ဂလိပ်စာ၊ စာဖတ်စွမ်းရည်၊ ကဗျာ၊ ပုံပြော၊ ဉာဏ်စမ်း၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး အကောင်းဆုံးယှဉ်ပြိုင်နိုင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အသိပညာပေးနံရံကပ်စာစောင်များနှင့်သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ထွန်းလင်းကျော်(ပြန်/ဆက်)**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com



## High-level Myanmar delegation led by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing arrives in Russian Federation to attend the World Atomic Week Forum 2025

NAY PYI TAW September 24


At the invitation of President of Russian Federation Mr. Vladimir Putin,a high-level Myanmar delegation led by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing left Tatmadaw Airport in Nay Pyi Taw by special flight this morning to attend the World Atomic Week Forum 2025 to be held in Moscow, Russian Federation.

The Senior General and delegation were seen off at the airport by SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC member Executive Chief U Aung Lin Dway, SSPC members, union ministers, Russian Ambassador to Myanmar H.E. Mr. Iskander Azizov, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, and officials of Russian embassy and Military Attaché Office in Myanmar.

Together with the Senior General, members of the delegation, SSPC Secretary Joint Executive Chief General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe, union ministers U Nyan Tun, U Ko Ko Lwin, Dr Myo Thein Kyaw and Dr Thet Khaing Win, Mandalay Region Chief Minister U Myo Aung, senior military officers from the Office of the Commander-in-Chief, deputy ministers, and military and civilian officials, left the airport on the same flight.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing being welcomed by senior Russian officials at Vnukovo International Airport in Moscow.



Senior General Min Aung Hlaing being seen off at Tatmadaw Airport in Nay Pyi Taw.

The special flight carrying the Senior General and delegation made a stopover at Tolmachevo Airport in Novosibirsk, Russian Federation, and the Senior General and delegation were welcomed by Novosibirsk Governor Mr. Travnikov Ahdrey Aleksandrovich and officials at the airport.

At the Airport lounge, Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and the governor cordially exchanged views on further promotion of bilateral cooperation.

During the talks, Myanmar traditional dishes, tea-leave salad, tea and steamed hilsa, prepared in Myanmar were served, and the government and party enjoyed the food very much. The Senior General explained the uniqueness of Myanmar traditional cuisines.

After the meeting the Senior General and the governor exchanged gifts.

The Senior General and delegation left for Moscow by special flight. They were seen off by the governor and party.

The Senior General and delegation arrived at Vnukovo International Airport in Moscow in the evening, and were warmly welcomed by Deputy Minister of Foreign Affairs of the Russian Federation Mr. Andrey Rudenko and officials, Myanmar Ambassador to Russia U Thit Lin Ohn, and Myanmar Military Attache (Army, Navy and Air) Brig-Gen Kyaw Soe Oo. 100

# Katha Township expands cultivation of sugarcane more than the target this year



KATHA September 24

Local farmers in Katha Township of Sagaing Region have planted sugarcane exceeding the target cultivation this year, according to the Township Agriculture Department.

During the 2025–2026 monsoon crop season, Katha Township targeted 61,356 acres of sugarcane cultivation. Planting began in June this year, and as of today, 61,364 acres have already been cultivated.

"This year, Katha Township planned to grow 61,356 acres of sugarcane. So far, 61,364 acres have been planted, exceeding the target acreage. Local farmers are cultivating sugarcane as usual," said U Ko Lay, Head of the Katha Township Agriculture Department.

It is reported that sugarcane is cultivated in Shwebo, Kanbalu, and Katha districts of Sagaing Region, with the largest cultivation areas found in Katha and Kanbalu districts.

In Katha Township, the cultivation cost of sugarcane ranges between Ks-600,000 and Ks-700,000 per acre, and the average yield is about 30 tons per acre.

Local farmers prefer to grow K-95/84, Nawade-4, Phawmoza, Sinshweli and other strains of sugarcane, prioritizing the rainfed and irrigated facili ties for cultivation of crops in Sagaing Region.

**SMK**

# Sagaing Township grows more than 18,000 acres of pigeon pea this year



SAGAING September 24

Statistics of Sagaing Township Agriculture Department stated that local farmers grew 18,335 acres of pigeon pea as monsoon crops in Sagaing Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Sagaing Township has targeted 19,789 acres of pigeon pea cultivation. Planting began in May this year, and as of today, 18,335 acres have already been cultivated.

"This year, Sagaing Township has planned to grow over 19,000 acres of pigeon pea during the monsoon season. So far, more than 18,000 acres have been planted, and cultivation is still continuing. Efforts are being made to meet the targeted acreage, as well as to ensure good yields. Pigeon peas are being cultivated both as a main crop and as an intercropping system," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

It is reported that the Township Agriculture Department is providing farmers with guidance on using quality and pure seeds, adopting proper cultivation methods, preventing pest risks, and improving yields.

In addition, the department is disseminating techniques on combined application of urea and lime so that pigeon pea farmers can reduce costs in purchasing foliar fertilizers.

**SK**

# Groundnut planted on more than 5,000 acres of croplands

WETLET September 24

According to Wetlet Township Agriculture Department, local farmers grow 5,311 acres of groundnut as monsoon crops in Wetlet Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Wetlet Township has planned to cultivate 5,986 acres of groundnut. Planting began in June this year, and as of today, a total of 5,311 acres have already been cultivated against the target cultivation.

"This year, Wetlet Township targeted over 5,900 acres of groundnut during the monsoon season. So far, more than 5,300 acres have been planted. Efforts are being made to meet the targeted acreage. As an oil crop, groundnut cultivation is showing good progress, and the cultivation area has been increasing year by year," said Daw Kyin San, Head of the Wetlet Township Agriculture Department.

It is reported that in Wetlet Township, about one and a half baskets of seed are used per acre for groundnut cultivation. The production cost per acre, including seed, labor charges, fertilizer, and pesticide expenses, is over Ks-200,000. Yields reach more than 50 baskets per acre.

This year, staff members of the Township Agriculture Department are conducting field inspections of groundnut farms to ensure successful cultivation, prevent pest and disease outbreaks, and maintain weed-free fields, while keeping monitoring records.

**SMK**

# YeU Township plants more than 1,000 acres of green gram this year

YEU September 24

Statistics of YeU District Agriculture Department mentioned that local farmers planted 1,015 acres of green gram as monsoon crops in YeU Township of Sagaing Region this year.

During the 2025–2026 monsoon crop season, YeU Township planned to cultivate 1,078 acres of green gram. Planting began in May this year, and as of today, 1,015 acres have already been cultivated.

"This year, YeU Township has targeted 1,078 acres of green gram during the monsoon season. So far, 1,015 acres have been planted, and cultivation is still ongoing. Efforts are being made to meet the targeted acreage. Awareness is also being provided to expand cultivation and to use quality, pure seeds to ensure good yields," said U Zaw Myint Tun, Head of the YeU District Agriculture Department.

It is reported that the Township Agriculture Department is providing farmers with guidance on using quality and locally suitable seed varieties, maintaining proper cultivation practices, preventing pest infestation, applying fertilizers systematically, and improving yields.

In addition, during this monsoon season, the department is cooperating with farmers in the cultivation of various types of pulses by providing quality seeds, necessary inputs, and post-harvest technologies to ensure better yield and quality.

**SK**

# At least 55 Palestinians killed in Israeli attacks across Gaza Strip: sources

GAZA September 24

At least 55 Palestinians were killed across the Gaza Strip on Wednesday due to Israeli attacks, according to official and local Palestinian sources.

Mahmoud Basal, spokesperson for Gaza's Civil Defense, told Xinhua that 22 people, including children and women, were killed in an Israeli airstrike targeting warehouses belonging to the Gaza Municipality, which housed dozens of displaced families in eastern Gaza City.

Basal added that Civil Defence teams are still working to recover victims from under the rubble.

"A massive explosion occurred in the early hours of the morning, killing and wounding a large number of people instantly. Several bodies remain under the rubble," said local eyewitness Anwar Ershi.

There was no immediate comment from the Israeli military on the airstrike.

Meanwhile, Basal said 15 more people were killed in separate airstrikes on the Al-Sahaba and Shuja'iyya neighborhoods and the Shati refugee camp in Gaza City, and six others died in an airstrike on the Nuseirat camp in the central Gaza Strip.

He added that 12 people were killed in Khan Younis in the southern Gaza Strip, including eight who were shot by Israeli forces while trying to obtain food outside an aid distribution center south of the city.

The casualties come amid ongoing Israeli ground operations, with Israeli tanks advancing into the Al-Sabra and Tal al-Hawa neighborhoods in southern Gaza City, as well as the Al-Nasr and Sheikh Radwan neighborhoods in the north, amid artillery shelling and gunfire, according to local sources and eyewitnesses.

Local witnesses reported that the Israeli army has been detonating explosive-laden military vehicles, causing widespread destruction to residential buildings.

Israeli public radio Kan said the army has expanded its military operations in northern Gaza City over the past two days. The report added that these moves could split the northern Gaza Strip into two parts, creating a fourth axis dividing the enclave.

On Wednesday, Hamas called on countries worldwide to impose a comprehensive boycott of Israel and isolate it legally, politically, and economically, a day after Spain approved a full arms embargo on Israel in response to the ongoing war in Gaza.

**Xinhua**

# At least 3 shot at immigration facility in U.S. state Texas

DALLAS September 24

One person was shot dead and two others injured, with the shooter also dead, at a U.S. Immigration and Customs Enforcement (ICE) detention facility here in the southern state of Texas on Wednesday morning, U.S. media outlets reported.

The reports quoted Kristi Noem, the secretary of homeland security, as saying there were "multiple injuries and fatalities" and the shooter was found dead of a "self-inflicted gunshot wound."

The Dallas Police Department said in a social media post that the shooting occurred at about 6:40 a.m. local time (1140 GMT). The shooter opened fire from a nearby building, killing one person at the scene. Two others were taken to the hospital with gunshot wounds.

"The obsessive attack on law enforcement, particularly ICE, must stop. I'm praying for everyone hurt in this attack and for their families," U.S. Vice President JD Vance wrote on social media platform X above a post by Noem about the shooting.

Noem said investigators did not know a motive yet. Further details of the shooting were not immediately clear.Tricia McLaughlin, assistant secretary of homeland security, told Fox News that no federal agents were shot.

The Dallas ICE center has been the site of weekly morning prayer vigils, where a few dozen community members in support of immigration raise signs with messages like "families belong together" and "due process," The New York Times reported.

**Xinhua**

# Massive sinkhole tears open Bangkok street

BANGKOK September 24

A section of road collapsed in the Thai capital of Bangkok on Wednesday, creating a massive sinkhole that disrupted utilities and forced evacuations, Thai officials have said.

The 50-meter-deep cavity spread across about 900 square meters in front of Vajira Hospital and near a police station, halting traffic in the area.

Videos on social media showed the road gradually caving in, dragging down power poles as water gushed from a drainage pipe.

Officials said the hospital building was unaffected, though outpatient services would close for two days. The nearby police station and other buildings were evacuated as a precaution.

The authorities suspect the collapse was triggered by ongoing work on an underground train line.



"Dirt from an underground train construction was sliding in," Prime Minister Anutin Charnvirakul told Reuters, adding that no deaths or injuries were reported. Three vehicles were damaged.

The incident is the latest in a string of infrastructure failures in Thailand. In March, a concrete beam from an elevated expressway project collapsed onto a road, killing at least five people.

The incident is the latest in a string of infrastructure failures in Thailand. In March, a concrete beam from an elevated expressway project collapsed onto a road, killing at least five people.

In October 2024, a three-meter-deep hole appeared at a busy Bangkok intersection, likely caused by a broken water pipe. Earlier that year, a motorcyclist and a child plunged into a sinkhole in Nonthaburi, while in November 2023, a road in Bangkok gave way under a heavy truck, injuring two motorcyclists.

Several smaller collapses in recent years have also been linked to drainage problems and underground utility failures.

**RT**

# US attempts won't affect Russia-China contracts on energy resources – Chinese mission

GENEVA September 24

The US's attempts to force China to abandon the purchase of Russian energy resources will not affect the contracts between the countries, the Chinese permanent mission to the World Trade Organization (WTO) told Sputnik on Wednesday.

When asked if the US's position on energy contracts between China and Russia with have an impact, Charge d'Affaires Li Yihong replied in the negative, adding that relations between Russia and China are comprehensive and deep, which has been recognized and repeated more than once at the highest level.

On Tuesday, US President Donald Trump blamed the ongoing conflict in Ukraine to China and India for their purchases of Russian oil.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Eat a Mediterranean diet to avoid devastating dental condition which affects millions, say experts

A Mediterranean-style diet plan has long been hailed as the secret behind Italians and Spaniards living long and healthy lives, as well as low rates of obesity and diet-related illnesses.

Now, British scientists have discovered that people who religiously sticking to the plan—which features lean meat, poultry, grains and a host of fruit and vegetables—are more likely to have better gum health.

Assessing the diets of almost 200 adults, researchers found that those who did not eat a 'plant-rich diet' and ate more red meat were more likely to have severe gum disease.

It is estimated that 45 percent of Britons suffer with gum disease, which in its most advanced stages can lead to loss of teeth.

The scientists, who labelled the findings 'important', did not explain why red meat may trigger the condition.

But they believe plant-based diets contain more of these macronutrients and micronutrients, that can lead to lower levels of inflammation.

Previous research has also shown that chewing green leafy and cruciferous vegetables, root vegetables, apples, and citrus fruit—all key parts of the Mediterranean diet—can promote healthy teeth and gums.

Dr Giuseppe Mainas, a researcher in clinical dentistry at King's College London and study co-author, said: 'We observed that there may be a connection between periodontal disease severity, diet, and inflammation.



A Mediterranean-style diet plan has long been hailed as the secret behind Italians and Spaniards living long and healthy lives and low rates of obesity and diet-related illnesses.

These aspects should be holistically considered when assessing the treatment for gum disease in patients.

'Our research offers an important starting point that can lead to more research to better understand the relationship between foods intake and gum disease.'

Professor Luigi Nibali, an expert in periodontology at King's College London and study co-author, added: 'There is emerging evidence about the role that a balanced diet might have in maintaining a periodontal healthy status.

'More investigation is needed to develop personalised approaches to help people manage their gum health.'

Figures show just under half of adults have some form of gum disease in the UK, which leaves gums red, swollen, sore and bleeding and is caused by a build-up of plaque on the teeth.

The condition can cause jaw bone loss, gaps under the teeth and damage the connective tissue that keeps teeth in place.

It can be prevented by brushing teeth to remove plaque before it hardens into tartar, a hard cement-like substance that can only be removed professionally.

Gum disease, also known as periodontal disease, has also previously been tied to chronic inflammation, heart disease, diabetes, cancer, premature birth, and low birth weight.

In the study, the scientists analysed the health records of 195 hospital patients by performing dental exams and taking blood samples. Participants also filled out dietary questionnaires.

After accounting for factors that could skew the results, such as age, smoking status and gender, they found those who ate more red meat and did not follow the Mediterranean diet had higher levels of circulating inflammatory markers.

These included interleukin-6 (IL-6) and C-reactive protein (CRP).

'These markers increase in the presence of trauma or inflammation anywhere in the body,' Professor Nibali said.

However, sometimes there is an exaggerated response which can lead to more gum disease. Higher levels of these markers mean more inflammation.

Higher consumption of vegetables, legumes and dairy products were correlated with lower inflammatory marker C-reactive protein, so they seem to be helpful.

'There were some beneficial trends also for fruit and olive oil,' he added.

Writing in the Journal of Periodontology, researchers said diet 'should be holistically considered when assessing periodontitis and inflammation'.

But they noted: 'These results have to be interpreted with caution, and studies with larger sample size and more detailed food frequency questionnaires and details about caloric consumption should be carried out.'

Currently, gum disease is spotted during a dental exam, with dentists detecting inflammation in the gums by measuring the space between the gum and the teeth.

Tests that look for the type of bacteria in the mouth are available - but patients have to wait up to a week for the results.

**Mail Online**

## အရက်ကို တစ်ခွက်ပင်သောက်သော်လည်း မှတ်ဉာဏ်ချို့ယွင်းမှုရောဂါဖြစ်စေနိုင်



တချို့က အရက်ကို တစ်ငုံလေးပါပဲ၊ တစ်ခွက်လေးပါပဲဆိုပြီး သောက်မိတတ်ကြပါတယ်။ တချို့ကျတော့လည်း ဆေးဖြစ်ဝါးဖြစ်ဆိုပြီး သောက်ကြပြန်ပါတယ်။ တကယ်တမ်းမှာ အရက်ကို တစ်ခွက်တလေသာသောက်ပေမယ့် အကျိုးဆက်ကတော့ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါဖြစ်စေနိုင်တယ်ဆိုတဲ့အချက်ကို ပညာရှင်များကတွေ့ရှိထားပါတယ်။

တစ်နေ့ကို အရက်တစ်ခွက်သာသောက်တယ်လို့ဆိုပေမယ့် အချိန်ကြာလာတာနဲ့ အမျှ ခန္ဓာကိုယ်အတွင်းမှာ အယ်ကိုဟောပမာဏမြင့်မားလာတာနဲ့အညီ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါဖြစ်နိုင်ခြေသည်လည်း ပိုမိုမြင့်တက်လာရတယ်ဆိုတဲ့အချက်ကို တွေ့ရှိထားတယ်လို့ ပညာရှင်များက သူတို့ရဲ့သုတေသနပြုမှုကို BMJ Evidence Based Medicine ဆိုတဲ့ဂျာနယ်မှာဖော်ပြထားပါတယ်။

သုတေသနပညာရှင်များက လူဦးရေ ၅၅၉၅၅၉ ဦးအပေါ် လေ့လာမှုတွေလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ သူတို့ရဲ့လေ့လာမှုအရ သီတင်းပတ်တစ်ပတ်ကို အရက်ခုနစ်ခွက်အောက်သောက်သူတွေတောင်မှ အရက်လုံးဝမသောက်တဲ့သူတွေနဲ့ နှိုင်းယှဉ်လိုက်ရင် မှတ်ဉာဏ်ချို့ယွင်းမှုရောဂါဖြစ်နိုင်ခြေ ၄၁ ရာခိုင်နှုန်းအထိမြင့်တက်လာတာကိုတွေ့ရှိရတယ်လို့ ပညာရှင်များက ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

## ကမ္ဘာ့ပထမဆုံး မဂ္ဂါဝပ်ပမာဏလျှပ်စစ်ဓာတ်အားထုတ်ပေးမယ့် လေသဘော်ကို တရုတ်ကအောင်မြင်စွာစမ်းသပ်



တရုတ်နိုင်ငံက ကမ္ဘာ့ပထမဆုံးအဖြစ် မဂ္ဂါဝပ်ပမာဏရှိတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မယ့် လေသဘော်ကြီးကို အောင်မြင်စွာစမ်းသပ်မှုလုပ်ဆောင်လိုက်နိုင်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် အဲဒီလေသဘော်ကြီးဆိုတာ လေပေါ်ပျံဝဲနေတဲ့ လေတာဘိုင်ကြီးတစ်ခုသာဖြစ်ပါတယ်။

အခု S1500 လို့အမည်ရတဲ့ လေသဘော်ကြီးဟာ လေတိုက်နှုန်းပြင်းထန်တဲ့နေရာတွေမှာတောင်မှ ကောင်းစွာအလုပ်လုပ်နိုင်စွမ်းရှိတယ်ဆိုတာကို မြင်တွေ့လိုက်ရပါတယ်။ ဒါ့အပြင် တခြားသောပြင်းထန်တဲ့ စမ်းသပ်မှုတွေကိုလည်း လုပ်ဆောင်ခဲ့ပြီး စမ်းသပ်မှုအားလုံးကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒီလိုအောင်မြင်မှုဟာ တကယ့်ကို မှတ်ကျောက်တင်လောက်တဲ့ အောင်မြင်မှုဖြစ်တယ်လို့ ဆိုပါတယ်။

အရှည်က ၁၉၇ ပေ၊ အကျယ်နဲ့အမြင့်က ၁၃၁ ပေစီရှိတဲ့ လေသဘော်ကြီးဟာ တည်ဆောက်ခဲ့ဖူးသမျှသော လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစနစ်တွေထဲမှာ အကြီးဆုံးဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ ထုတ်လုပ်ပေးမယ့်လျှပ်စစ်ဓာတ်အားပမာဏက ၁ ဒသမ ၂ မဂ္ဂါဝပ်ရှိမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## နေရောင်ခြည်စွမ်းအင်သုံးအပင်တုက ရေဒီယိုသတ္တိကြွဓာတ်သင့်မြေကြီးကို လျင်မြန်စွာသန့်စင်ပေးနိုင်



တောင်ကိုရီးယားနိုင်ငံမှ သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သင့်မြေကြီးကို အချိန်တိုအတွင်း လျင်မြန်စွာသန့်စင်ပေးနိုင်မယ့် နေရောင်ခြည်စွမ်းအင်သုံးအပင်တုတစ်မျိုးကိုဖန်တီးထုတ်လုပ်ပြီး အောင်မြင်စွာစမ်းသပ်လိုက်နိုင်ပါတယ်။

ပညာရှင်များက အပင်တစ်ပင်ရဲ့သဘာဝအတိုင်းဖြစ်ပေါ်မှုလုပ်ငန်းစဉ်များကို တုပကာ ဒီလိုအပင်တုကိုဖန်တီးလိုက်တာဖြစ်ပါတယ်။ အဲဒီအပင်တုရဲ့စွမ်းဆောင်ရည်က ရေဒီယိုသတ္တိကြွပစ္စည်းဖြစ်တဲ့ စီဇီယမ်သင့်မြေကြီးကို ရက်ပေါင်း ၂၀ အတွင်းမှာပင် ၉၅ ရာခိုင်နှုန်းအထိသန့်စင်ပေးနိုင်စွမ်းရှိတာဖြစ်ပါတယ်။

အခုလိုမျိုး တီထွင်ဆန်းသစ်မှုတွေကို လုပ်ဆောင်နိုင်ခြင်းကြောင့် နျူကလီးယားမတော်တဆမှုဖြစ်ပွားတဲ့ နေရာတွေ၊ ညစ်ညမ်းနေတဲ့ စိုက်ပျိုးမြေနေရာတွေကို သန့်ရှင်းရေးပြုလုပ်နိုင်ဖို့အတွက် အကောင်းဆုံးသောနည်းလမ်းတစ်ခု ပေါ်ထွက်လာစေပါတယ်။ စီဇီယမ်ဒြပ်စင်က ပတ်ဝန်းကျင်အတွက်သာမက ကျန်းမာရေးအတွက်ပါ ကာလရှည်ကြာဆိုးကျိုးဖြစ်စေတဲ့ ဒြပ်စင်တစ်မျိုးဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## အဝလွန်ခြင်းနဲ့ဆီးချိုရောဂါဖြစ်ခြင်းတို့ကို လက်ဖက်စိမ်းက ကောင်းစွာထိန်းချုပ်နိုင်

လက်ဖက်စိမ်းက ဆေးဘက်ဆိုင်ရာမှာ ကောင်းကျိုးများစွာကို ပိုင်ဆိုင်ထားတယ်ဆိုတာ အားလုံးအသိပါ။ သူက ဓာတ်တိုးဆန့်ကျင်ပစ္စည်းနဲ့ပတ်သက်ပြီး အရည်အသွေးကောင်းများစွာကို ပိုင်ဆိုင်ထားပါသေးတယ်။ ဒါပေမဲ့ သုတေသနပညာရှင်များရဲ့လေ့လာမှုကတော့ အဲဒီနေရာမှာတင် ရပ်တန့်မနေခဲ့ပါဘူး။ ကျန်းမာရေးနဲ့ပတ်သက်ပြီး လက်ဖက်စိမ်းကို ဘယ်လိုနေရာတွေမှာ အသုံးပြုနိုင်သေးလဲဆိုတာကိုပါ ဆက်လက်လေ့လာခဲ့ကြပါတယ်။

ဘရာဇီးနိုင်ငံ ဆောင်ပေါင်လိုသုတေသနဖောင်ဒေးရှင်းရဲ့ ထုတ်ပြန်ချက်ထဲမှာ လက်ဖက်စိမ်းက ဘယ်လိုမျိုးအလုပ်လုပ်တယ်။ ကိုယ်အလေးချိန်ကိုလျှော့ချရာနဲ့ ဆီးချိုရောဂါကို ထိန်းချုပ်ရာတို့မှာ ဘယ်လိုမျိုး အသုံးပြုနိုင်တယ်ဆိုတဲ့ အချက်ကို ဖော်ထုတ်နိုင်ခဲ့တာတွေ့ရှိရပါတယ်။

လက်ဖက်စိမ်းရဲ့ အကျိုးကျေးဇူးနဲ့ပတ်သက်ပြီး ၁၅ နှစ်ကြာသုတေသနလုပ်နေတဲ့ ရို့စမာရီအော့တွန်က ကြွက်တွေကို အဝလွန်စေပြီးတော့ စမ်းသပ်မှုတွေလုပ်ဆောင်ခဲ့တာပါ။ အဲဒီလိုစမ်းသပ်ရာမှာ ကြွက်တွေကိုသာမန်ကုသမှုတွေပေးနေစဉ် အဝလွန်ခြင်းက ကျဆင်းသွားခြင်းမရှိဘဲ လက်ဖက်စိမ်းကနေ ထုတ်လုပ်ထားတဲ့ ဆေးဝါးကိုအသုံးပြုပြီးကုသမှသာ ကိုယ်အလေးချိန်ကိုလျှော့ချနိုင်ပြီး ဆီးချိုရောဂါဖြစ်ပွားမှုကိုလည်း ထိန်းချုပ်လိုက်နိုင်တယ်ဆိုတာကို တွေ့ရှိခဲ့တာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



## တရုတ်က ဆိုဗီယက်ခေတ်ဂျက်လေယာဉ်များကို ပေါင် ၅၅၀ ဗုံးများတပ်ဆင်ထားတဲ့ ဒရုန်းများအဖြစ်ပြောင်းလဲ



တရုတ်နိုင်ငံက ဆိုဗီယက်ခေတ်ဂျက်လေယာဉ်များကို ပေါင် ၅၅၀ ဗုံးများတပ်ဆင်ထားတဲ့ ဒရုန်းများအဖြစ်ပြောင်းလဲနေတာကို မကြာသေးခင်ကထုတ်ဖော်ပြသခဲ့ပါတယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က အဲဒီဒရုန်းကို ချန်ချွင်းလေကြောင်းပြပွဲမှာ ထုတ်ဖော်ပြသခဲ့တာပါ။

တရုတ်နိုင်ငံက ၁၉၆၀ ပြည့်နှစ်အလွန်ကာလများမှသည် ၁၉၈၀ ပြည့်နှစ်အလွန်ကာလများအထိ ဆိုဗီယက်ခေတ် MiG-19 ပုံစံတူ J-6 များကို အစင်းရေထောင်ပေါင်းများစွာထုတ်လုပ်ခဲ့တာပါ။ J-6 ဂျက်လေယာဉ်တွေက အသံထက် ၁ ဒသမ ၃ ဆမြန်တဲ့နှုန်းနဲ့ မိုင်ပေါင်း ၄၃၅ မိုင်ခန့်ပျံသန်းနိုင်ပါတယ်။ လေကြောင်းပြပွဲမှာဖော်ပြထားတဲ့ အချက်အလက်များအရဆိုရင် တရုတ်နိုင်ငံက ပထမဆုံးသောမောင်းသူမဲ့ J-6 လေယာဉ်ကို ၁၉၉၅ ခုနှစ်ကတည်းက ထုတ်လုပ်ထားခဲ့တာဖြစ်တယ်လို့သိရပါတယ်။

မောင်းသူမဲ့အဖြစ်ပြောင်းလဲမှုမှာတော့ လေယာဉ်မှူးလိုက်ပါမှုနဲ့ဆက်စပ်တဲ့စနစ်တွေအားလုံးကိုဖြုတ်ပြီး အလိုအလျောက်မောင်းနှင်မှုထိန်းချုပ်ရေးစနစ်များအပြင် လစ်လပ်သွားတဲ့နေရာများမှာ နောက်ထပ်လက်နက်များကိုထည့်သွင်းတပ်ဆင်ပေးထားတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## ဗီယက်နမ်က ဘူအာလွိုင်မုန်တိုင်း တိုက်ခတ်နိုင်မှုနှင့် ပတ်သက်၍ သတိပေးချက်ထုတ်ပြန်

**ဟန္နိုင်း၊ ရာသီဥတု**

ဗီယက်နမ်အစိုးရက နိုင်ငံအတွင်းသို့ တိုင်ဖွန်းမုန်တိုင်း ဘူအာလွိုင် ဝင်ရောက်တိုက်ခတ်နိုင်မှုနှင့်ပတ်သက်၍ သတိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။

နိုင်ငံမြောက်ပိုင်းရှိ ကွမ်နင်းပြည်နယ်မှသည် နိုင်ငံတောင်ပိုင်းရှိ အန်ငန်းပြည်နယ်အထိရှိသော ပြည်နယ်နှင့်မြို့ပေါင်း ၂၁ ခုအနေဖြင့် ကြိုတင်ကာကွယ်ပြင်ဆင်မှုများလုပ်ဆောင်ထားရန် ဗီယက်နမ်နိုင်ငံစိုက်ပျိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက စက်တင်ဘာလ ၂၄ ရက်တွင် သတိပေးထားခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်းရာဂါဆာဝင်ရောက်ပြီးနောက် တိုက်ခတ်မည့် ဘူအာလွိုင်မုန်တိုင်းသည် နိုင်ငံသို့ယခုနှစ်အတွင်းဝင်ရောက်တိုက်ခတ်သည့် ၁၀ လုံးမြောက်မုန်တိုင်းဖြစ်လာမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ပင်လယ်ပြင်အတွင်းသို့ ငါးဖမ်းလှေများထွက်ခွာခြင်းမပြုရန်၊ ကယ်ဆယ်ရေးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးပစ္စည်းများကိုအသင့်ပြင်ဆင်ထားရန်နှင့် ပြည်သူများ၏ဘေးကင်းစိတ်ချရမှုကို အပြည့်အဝအကောင်အထည်ဖော်ရန် တာဝန်ရှိသူများကပြောထားသည်။ **Ref: Xinhua**

## ဘန်ကောက်မြို့ရှိ ဝဇီရာဆေးရုံရှေ့၌ အနက်မီတာ ၂၀ ရှိသည့် အလွန်ကြီးမားသော မြေကျွံမှုကြီးဖြစ်ပွား



**ဘန်ကောက်၊ သဘာဝဘေး**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဝဇီရာဆေးရုံရှေ့၌ စက်တင်ဘာလ ၂၄ ရက်တွင် အနက်မီတာ ၂၀ အထိရှိသည့် အလွန်ကြီးမားသော မြေကျွံမှုကြီးတစ်ခုဖြစ်ပွားသည်ဟုသိရသည်၊ အဆိုပါဖြစ်စဉ်သည် ဆမ်ဆန်းလမ်းမကြီးပေါ်၌ နံနက် ၇ နာရီ ၁၃ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ဖြစ်ပေါ်လာသည့် မြေကျင်းကြီးမှာ အလျားမီတာ ၃၀ နှင့် အကျယ်မီတာ ၃၀ အထိရှိသည်။

ထို့ပြင် ဝဇီရာဆေးရုံ၏မြေအောက်ဘူတာရုံတည်ဆောက်မှုလုပ်ငန်းအပေါ်၌ ထိုမြေကျွံမှုကြီးဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးမျှမရှိကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

အဆိုပါမြေအောက်မီးရထားဘူတာရုံတည်ဆောက်ရေးလုပ်ငန်းခွင်၌ မီးရထားသံလမ်းများကိုနေရာချထားနေစဉ် အပေါ်ဘက်ရှိမြေကြီး ပြိုကျလာခြင်းဖြစ်ကြောင်းနှင့် မြေကြီးများသည် မြေအောက်ဘူတာရုံထဲသို့ဝင်သွားကြောင်း၊ ပျက်စီးသွားသည့်ရေပိုက်များထဲမှရေများက မြေကျင်းကြီးထဲသို့ဝင်သွားသည့်အတွက်လည်း မြေကျွံကျမှုက ပိုမိုကြီးမားသွားခြင်းဖြစ်ကြောင်း ဘန်ကောက်မြို့တော်ဝန် ချတ်ချာ့ဆစ်တီပန့်ကပြောသည်။

မြေကျွံမှုဖြစ်ပွားသည့်မြေကျင်းကြီးထဲသို့ လမ်းမီးတိုင်နှစ်တိုင်နှင့် ရဲတပ်ဖွဲ့မှကားတစ်စီးတို့ ပြုတ်ကျသွားကြောင်း၊ တာဝန်ရှိသူများက အခင်းဖြစ်ပွားရာနေရာ၏ မီတာ ၁၀၀ ပတ်လည်ကိုစောင့်ကြည့်မှုများလုပ်ဆောင်နေကြောင်းနှင့် လမ်းပိုင်းအချို့ကိုလည်းပိတ်ထားကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

ထို့နောက် အခင်းဖြစ်ပွားရာနေရာသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ်အာနူတင်ချန်ဝီရာကူကသွားရောက်စစ်ဆေးပြီးနောက် ပျက်စီးသွားသောလိုဏ်ခေါင်းနှင့် လမ်းပိုင်းကို ပြန်လည်ပြင်ဆင်ရန် တစ်နှစ်ခန့်အချိန်ယူရမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောထားသည်။

**Ref: BP**

## တိုင်ဖွန်းမုန်တိုင်း ရာဂါဆာက တရုတ်နိုင်ငံ တောင်ပိုင်းဒေသသို့ ဝင်ရောက်တိုက်ခတ်

**ပေကျင်း၊ ရာသီဥတု**

ယခုနှစ်အတွင်း ကမ္ဘာပေါ်၌အားအပြင်းဆုံး အပူပိုင်းမုန်တိုင်းဖြစ်သည့် တိုင်ဖွန်းမုန်တိုင်းရာဂါဆာသည် ထိုင်ဝမ်ကျွန်းနှင့် ဟောင်ကောင်ဒေသတို့ကို ဖြတ်ကျော်တိုက်ခတ်ပြီးနောက် တရုတ်နိုင်ငံတောင်ပိုင်းသို့ စက်တင်ဘာလ ၂၄ ရက်တွင် စတင်ဝင်ရောက်တိုက်ခတ်နေပြီဖြစ်ကြောင်းသိရသည်။

ထိုတိုင်ဖွန်းမုန်တိုင်းရာဂါဆာကြောင့် ထိုင်ဝမ်ကျွန်း၌လူ ၁၇ ဦးသေဆုံးကြောင်း၊ လေပြင်းများတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုလည်းဖြစ်ပေါ်လျက်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။ ထို့အတူ ဟောင်ကောင်ဒေသတွင်လည်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ကြီးမားလှသည့် လှိုင်းတံပိုးများက ကမ်းခြေများကို လာရောက်ရိုက်ခတ်ကြောင်း၊ လမ်းအချို့နှင့် လူနေအိမ်အချို့မှာ ရေလွှမ်းမိုးခြင်းကို ခံရကြောင်း တာဝန်ရှိသူများကဆက်ပြောသည်။

အလားတူ တရုတ်နိုင်ငံမှ ရေကြောင်းတာဝန်ရှိသူများက ယခုနှစ်အတွင်း ပထမဆုံးအနေဖြင့် အနီရောင်အဆင့်လှိုင်းကြီးမည့်သတိပေးချက်ကိုထုတ်ပြန်ထားသည်ဟုသိရသည်။

**Ref: AGC**

## ဂျပန်က ဒစ်ဂျစ်တယ်ကျောင်းသုံးဖတ်စာအုပ်များကို စာသင်ကျောင်းများတွင်အသုံးပြုရန် အတည်ပြုဆုံးဖြတ်ချက်ချ

**တိုကျို၊ ပညာရေး**

ဂျပန်အစိုးရက စာသင်ကျောင်းများ၌ ဒစ်ဂျစ်တယ်ကျောင်းသုံးဖတ်စာအုပ်များကိုအသုံးပြုရန် အတည်ပြုဆုံးဖြတ်ချက်ချလိုက်ပြီဖြစ်ကြောင်းနှင့် အဆိုပါအစီအစဉ်၏ ကနဦးခြေလှမ်းအဖြစ် ၂၀၃၀ ပြည့်နှစ်တွင် မူလတန်းကျောင်းများ၌ စတင်အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းအဖွဲ့ကအတည်ပြုလိုက်သည့် အဆိုပါပြုပြင်ပြောင်းလဲမှုကြောင့် ကျောင်းဆရာများအနေဖြင့် လက်ရှိအသုံးပြုနေသည့် သမားရိုးကျကျောင်းသုံးဖတ်စာအုပ်များကိုသာ အသုံးပြုမှုနှင့် ဒစ်ဂျစ်တယ်ကျောင်းသုံးဖတ်စာအုပ်များကို အသုံးပြုမှုတို့ကြား ကိုယ်ကြိုက်နှစ်သက်သည့်နည်းလမ်းကို ရွေးချယ်သင်ကြားခွင့်ရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။



သို့သော် ဒစ်ဂျစ်တယ်ဖတ်စာအုပ်များကိုအသုံးပြုရန် ခွင့်ပြုပေးခြင်းသည် ကျောင်းဆရာများ၊ ကျောင်းသုံးဖတ်စာအုပ်ထုတ်လုပ်သူများအပေါ် ဝန်ပိစေမည်ဖြစ်ကြောင်း၊ ကျောင်းသားများတွင်လည်း အမြင်အာရုံချို့ယွင်းမှုအပြင် အခြားသောကျန်းမာရေးပြဿနာများကိုပါဖြစ်စေနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်အချို့ကပြောထားသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ခန်းများအတွင်း ဒစ်ဂျစ်တယ်သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို မည်ကဲ့သို့အသုံးပြုရမည်နှင့်ပတ်သက်၍ လမ်းညွှန်ချက်များထုတ်ပြန်သွားမည်ဖြစ်ကြောင်း လုပ်ငန်းအဖွဲ့ကပြောသည်။

ဂျပန်နိုင်ငံ၌ လက်ရှိတွင် ဒစ်ဂျစ်တယ်ကျောင်းသုံးဖတ်စာအုပ်များကို အလျဉ်းသင့်သလိုအသုံးပြုလျက်ရှိနေကြောင်း၊ ထိုဖတ်စာအုပ်များသည် မူလစာအုပ်များကို ပုံတူပြုလုပ်ထားခြင်းဖြစ်ပြီး စာဖတ်ပြနိုင်သည့်လုပ်ဆောင်ချက်ပါဝင်ကြောင်းသိရသည်။ **Ref: BP**

## ကာဇက်စတန်နိုင်ငံက ရုရှား-ယူကရိန်း ဆွေးနွေးပွဲ လက်ခံကျင်းပပေးရန် ဆန္ဒရှိဟုဆို



**အောမာတီ၊ နိုင်ငံရေး**

ကာဇက်စတန်နိုင်ငံအနေဖြင့် ရုရှား-ယူကရိန်းဆွေးနွေးပွဲကို လက်ခံကျင်းပပေးရန်ဆန္ဒရှိကြောင်း၊ ရုရှားနိုင်ငံနှင့်ယူကရိန်းနိုင်ငံတို့မှ ခေါင်းဆောင်များအနေဖြင့် ကာဇက်စတန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးမှုလုပ်ရန်ဆန္ဒရှိပါက လိုအပ်သည့်အရာများအားလုံးကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကာဇက်စတန်နိုင်ငံသမ္မတကက်ဆင်ဂျိုမာ့တိုကာယက်က စက်တင်ဘာလ ၂၄ ရက်တွင်ပြောသည်။

ထို့ပြင် ကာဇက်စတန်နိုင်ငံသည် ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား ဆွေးနွေးပွဲလုပ်ဆောင်ခြင်းကို ထောက်ခံအားပေးကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဘေးပန်းတွေ့ဆုံမှုတစ်ခုတွင် ယူကရိန်းသမ္မတက ကာဇက်စတန်သမ္မတနှင့် တွေ့ဆုံစဉ် ယူကရိန်းအနေဖြင့် မော်စကိုမြို့မှလွဲ၍ မည်သည့်နေရာတွင်မဆို ရုရှားသမ္မတနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း သတင်းစကားပါးသည်ဟု ကာဇက်စတန်သမ္မတကပြောထားသည်။ **Ref: Xinhua**

UN Tourism
၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
"ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့"
WORLD TOURISM DAY 2025 | TOURISM AND SUSTAINABLE TRANSFORMATION
၂၇-၉-၂၀၂၅ နေပြည်တော်

MOALI
WORLD RABIES DAY SEPTEMBER 28
(၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်
"ခွေးရူးရောဂါကင်းစင်ရေး၊ မနေနှင့်အမြန်လက်တွဲပေး"
ACT NOW: YOU, ME COMMUNITY
နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ဒလမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များနှင့်ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။


နေပြည်တော် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိအလယ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၃၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။


(၁၀၀)

# တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ" နောက် ၆ နာရီအတွင်း တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်ကမ်းရိုးတန်းဒေသများကို စတင်ဖြတ်ကျော်နိုင်




နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ် ပင်လယ်ပြင်တွင်ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"(RAGASA)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံ ရှချွမ်ကျွန်း (Xiachuan Island) မှ ဖြတ်ကျော်ခဲ့ကာ တရုတ်နိုင်ငံ ရန်ကျမ်းမြို့(Yangjiang)၏ အရှေ့- အရှေ့တောင်ဘက် ရေမိုင် ၃၀ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။



အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ" သည် မြန်မာစံတော်ချိန် ၁၅:၃၀ နာရီ အချိန်တွင် မြောက်လတ္တီကျု ၂၁ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၁၂ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၅၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ" သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း တရုတ်နိုင်ငံ တောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်ကမ်းရိုးတန်းဒေသများကို စတင်ဖြတ်ကျော်နိုင်သည်။ ထိုမှတစ်ဆင့် နောက် ၄၈ နာရီအတွင်း ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၉-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၀၅ | ၃၂၆၀ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၂၉၅ |
| 95 Ron | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၅၆၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၃၀ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၅ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၈၀ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၂၇ | ၂၈၁၅ |
| 95 Ron | ၂၈၀၁ | ၂၈၉၁ |
| HSD (500 ppm) | ၂၄၀၉ | ၂၄၉၇ |
| HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းတစ်ထောင်ကျော် ဖန်တီးပေးနိုင်



ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ထုတ်လုပ်သည့် ပစ္စည်းနမူနာပြသထားမှုကို ကြည့်ရှုစစ်ဆေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုတို့ကို အတည်ပြုပေးခဲ့ပြီး ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ပဲအမျိုးမျိုးနှင့် နှမ်း၊ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆန်ထွက်ပစ္စည်းကြိတ်ခွဲသန့်စင် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ Mattress နှင့် Foam ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် wearing apparel ချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ် ၆၄၇၃ ဒသမ ၈၀၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၉၃ သန်းဖြစ်ပြီး ၁၄၆၈ ဦးအတွက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်မည့် လုပ်ငန်းနှစ်ခုအပါအဝင် ကုမ္ပဏီ ၂၄ ခု၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ဖွဲ့ထက်ကို(ပြန်/ဆက်)

# ၂၀၂၆ ဖူဆယ် အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်း အာဖဂန်နစ္စတန်ကို ရှုံးနိမ့်



ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာလက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတို့၏ ၂၀၂၆ ဖူဆယ် အာရှဖလားခြေစစ်ပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏ၌ ကျင်းပသည်။

ထိုသို့ မြန်မာလက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းတို့၏ ၂၀၂၆ ဖူဆယ် အာရှဖလားခြေစစ်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဘောလုံးချစ်ပရိသတ်များက ကြည့်ရှုအားပေးကြရာ ပွဲပြီးဆုံးချိန်တွင် အာဖဂန်နစ္စတန်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းက ၈ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာလက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ၂၀၂၆ ဖူဆယ် အာရှဖလားခြေစစ်ပွဲစဉ် အုပ်စု (ဇ)တွင် မော်လ်ဒိုက်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ပွဲကစားအပြီး ရမှတ်သုံးမှတ်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံ

# ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၆)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏(၄၆)ကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အဖွဲ့ဝင်များ၊ ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ပိုးသတ်ဆေးတင်သွင်းရောင်းချသူများ၊ သီးနှံတင်ပို့ရောင်းချသည့်လုပ်ငန်းရှင်နှင့် တောင်သူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပိုးသတ်ဆေးခတ်ကြွင်းပြဿနာများကို ဖြေရှင်းရာတွင် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ထုတ်လုပ်မှုအလေ့အကျင့်ကောင်းများသည် ပညာရှင်များ၊ တောင်သူများ၊ ပိုးသတ်ဆေးတင်သွင်းရောင်းချသူများ၊ သီးနှံတင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ကြောင်း၊ ရေရှည်တွင် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာ၌ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာသုံးစွဲမှုများကိုလျှော့ချရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဖွဲ့အတွင်းရေးမှူးက (၄၆)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်မည့်လုပ်ငန်းစဉ်တွေများကိုတင်ပြရာ အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များက ပိုးသတ်ဆေး ၁၆၈ မျိုးအား မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရေး စိစစ်ဆွေးနွေးတင်ပြကြသည်။

ပိုးသတ်ဆေးဥပဒေ အခန်း (၃)အရ မှတ်ပုံတင်အဖွဲ့သည်ပိုးသတ်ဆေးမှတ်ပုံတင် လျှောက်ထားတင်ပြလာခြင်းများကို မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ တင်ပြရန် လိုအပ်သောအထောက်အထားအချက်အလက်များကို သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာအကြံပြုချက်များအပေါ် အခြေပြု၍ လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်မြင့်မားစေသော ပိုးသတ်ဆေးများကိုသုံးစွဲရန်ပိတ်ပင်တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျ ကိုင်တွယ်သုံးစွဲစွန့်ပစ်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မရှိစေရန် လိုအပ်သည့်အစီအမံ၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ လုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ ပါဝင်သော နည်းပညာကော်မတီက လိုအပ်သည့် သတင်းအချက်အလက်များကို ပြုစုတင်ပြခြင်း၊ စိစစ်သုံးသပ်အကြံပြုခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ သီးနှံဖျက်ပိုးအပေါ် ထိရောက်စေနိုင်မှု(Efficacy)၊ လူနှင့်အခြား အကျိုးပြုသတ္တဝါများအပေါ် အဆိပ်သင့်နိုင်မှု (Toxicity) များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မေလ ၂၉ ရက်အထိ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေး ၄၅ ကြိမ်ကျင်းပခဲ့ပြီး စုစုပေါင်း ပိုးသတ်ဆေး ၄၄၉၅ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။ မြဝတီ

# မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး မဲခေါင်-လန်ချန်းနိုင်ငံများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှုမြှင့်တင်ခြင်းစီမံကိန်း၏ သုတေသနရလဒ်များမျှဝေခြင်းနှင့် စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး မဲခေါင်-လန်ချန်းနိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှုမြှင့်တင်ခြင်း စီမံကိန်း၏ သုတေသနရလဒ်များမျှဝေခြင်းနှင့် စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော် ဟိုတယ်ဇုန်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နိုင်ငံတော်ကချမှတ်ထားသည့် ပို့ကုန်နှစ်ဆမြှင့်တင်ရေးလမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှုမြှင့်တင်ခြင်း စီမံကိန်းများအကောင်အထည်ဖော်ရာတွင် စီမံကိန်းလုပ်ငန်းစဉ်များ၌ ပို့ကုန်အလားအလာအရှိဆုံးသီးနှံများဖြစ်သည့် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ဖရဲ၊ ရေထွက်ကုန်ပစ္စည်းများ၏ဈေးကွက်သုတေသနလေ့လာခြင်းအပါအဝင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ဆက်စပ်လုပ်ငန်းများထည့်သွင်းရေးဆွဲထားသည့် ယခုစီမံကိန်းအတွက် ရန်ပုံငွေပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (နိုင်ငံခြားရေးဝန်ကြီးဌာန)နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ ပညာရှင်များကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်း၏ရည်ရွယ်ချက်နှင့် သုတေသနအနှစ်ချုပ်ကို တင်ပြပြီး ဒုတိယဝန်ကြီးများက ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ဖရဲ၊ ရေထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန်အလားအလာသုတေသန လေ့လာခြင်းစာအုပ်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ စီမံကိန်း ၄၂ ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၁ သန်းခန့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် ၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်ထံ PDF အမည်ခံ အဖွဲ့ဝင်တစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်ကိုအပ်နှံစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့မှ အဖွဲ့ဝင် ၄ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံရောက်ရှိနေသော PDFအမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့်ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား ၂ ဦး စုစုပေါင်း ၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ထားဝယ်တပ်နယ်၊ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့်၎င်းတို့၏ မိဘများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA-1 ၁ လက်၊ ၎င်းကျည်အိမ် ၃ ခု၊ ၎င်းကျည် ၇၁ တောင့်၊ RPG ၁ လက်၊ Type-79 ၁ လက်၊ RPG ဗုံးသီး ၃ လုံး၊ ၄၀ မမ ဗုံးသီး ၁ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက



ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦး၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော်တို့ ရန်နောင်မှာ တိုက်ပွဲတွေဖြစ်တော့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က စစ်ရှောင်ရင်းနဲ့ ပဒပ်ချောင်းကျေးရွာကို ရောက်ရှိသွားခဲ့ပါတယ်။ ဒီလိုရောက်ရှိသွားတဲ့အချိန်မှာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေ ရွာထဲကိုရောက်ရှိလာပြီး ကျွန်တော်တို့အသက်အရွယ် ယောကျ်ားလေးတွေကို သူတို့ဝေယျာဝစ္စများခိုင်းဖို့နဲ့ သူတို့အဖွဲ့ထဲကိုဝင်ဖို့ခေါ်ဆောင်သွားခဲ့ပါတယ်။ ရန်နောင်မှာ ပြန်ပြီးနေလို့ရပြီ။ ပြန်မယ်ဆိုတော့ သူတို့စခန်းတွေကို သိနေတာကတစ်ကြောင်း၊ နောက်တစ်ခုက သူတို့ခိုင်းတာတွေကို လုပ်ပြီးသွားပြီဖြစ်တဲ့အတွက် တပ်မတော်ဘက်က သိလို့ရှိရင် ဖမ်းပြီးတော့ နှိပ်စက်မယ်။ အဲ့ဒီလိုပြောတဲ့အတွက် ကျွန်တော်တို့ ဆက်ပြီးတော့နေခဲ့ရတယ်။ ကြာလာတော့ လူမျိုးရေးခွဲခြားလာတယ်။ အလုပ်ဆိုရင်လည်း ကျွန်တော်တို့ပဲလုပ်ရတယ်။ ကင်းစောင့်ရင်လည်း ကျွန်တော်တို့ပဲစောင့်ရတယ်။ ပြောမှားဆိုမှားရှိလို့ရှိရင်လည်း ကျွန်တော်တို့ အနှိပ်စက်ခံရတယ်။ ပြည်သူတွေကို ဥပဒေမဲ့စွာဖမ်းတယ်။ ဖမ်းပြီးတော့ နှိပ်စက်တယ်။ ကျွန်တော်တို့တွေဆိုလည်း မိဘတွေနဲ့ အဆက်အသွယ်လည်း မရဘူး။ မိဘတွေနဲ့လည်း အဆက်အသွယ်မလုပ်ခိုင်းဘူး။ ဖုန်းတွေကိုလည်း သိမ်းထားတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မိဘတွေနဲ့လည်း ပြန်နေချင်တယ်။ မြို့ပေါ်မှာ တခြားသူငယ်ချင်းတွေ ပျော်နေတာမြင်ရင်လည်း အားကျမိတယ်။ ပြီးတော့ လူငယ်တွေလို လွတ်လွတ်လပ်လပ်လည်း နေချင်တယ်။ ဥပဒေဘောင်အတွင်းမှာ စည်းကမ်းတကျလည်း ပြန်နေချင်တာကြောင့် ကျွန်တော်တို့ လေးယောက်တိုင်ပင်ပြီးတော့ အဖွဲ့ထဲမှာ ပစ်အားအကောင်းဆုံးဆိုတဲ့ လက်နက်တွေကို ယူဆောင်ပြီးတော့ တပ်မတော်ထံ အလင်းဝင်ရောက်ခဲ့တယ်။ အလင်းဝင်ရောက်လာတဲ့အခါမှာလည်း တပ်မတော်ဘက်က ကျွန်တော်တို့ကိုနှိပ်စက်မေးမြန်းခြင်းမရှိတဲ့အပြင် အခုလို နွေးနွေးထွေးထွေးကြိုဆိုတဲ့အတွက် အတိုင်း မသိဝမ်းသာမိပါတယ်၊ ပြီးတော့ PDF အဖွဲ့ထဲမှာရှိတဲ့ ညီအစ်ကိုတွေကိုလည်း ပြောချင်တာက တပ်မတော်ထံအလင်းဝင်ပါ။ တပ်မတော်ဘက်ကလည်း နွေးထွေးစွာလက်ကမ်းကြိုဆိုနေပါတယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်"ဟုပြောသည်။ (၁၀၀)

# သဃ်န်းကျွန်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



တရားခံ ဇော်မင်းသူနှင့် စောဝင်း(ခ)စိုးဝင်းတို့အား သိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

သဃ်န်းကျွန်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၂၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် သတင်းအရ သဃ်န်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်နေ စောဝင်း(ခ)စိုးဝင်း(၃၆)နှစ် မောင်းနှင်ပြီး ဒေါပုံမြို့နယ် ပုသိမ်မြေ ရပ်ကွက်နေ ဇော်မင်းသူ (၃၅)နှစ် လိုက်ပါလာသော PROBOX ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၂၇၀၀) အားလည်းကောင်း၊ အလားတူ စက်တင်ဘာလ ၂၃ ရက် ည ၆ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် မိုင်းပျဉ်းမြို့မှ ကျိုင်းတုံမြို့ဘက်သို့ တုံတာမြို့နယ် ပန်မတ်ကျေးရွာနေ ရဲလင်းထိုက် (၃၅)နှစ် မောင်းနှင်ပြီး တုံတာမြို့နယ် ပန်ပြင်ကျေးရွာနေ ကျလားရှ(ခ) ကျလား လိုက်ပါလာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ (ဒေသတန်ဖိုးငွေကျပ် ၅၆ သိန်း) အားလည်းကောင်း ဖမ်းဆီးရမိသဖြင့်၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

မြဝတီ




မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး ဗဟုသုတလဲရ
ဟာသလဲပါ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကြယ်ကြယ်၊ ကာတွန်းစောဟန်နှင့် ကာတွန်းမောင်တင်ယုတို့၏ ကလေးငယ်များကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ငွေးကြည်(စလင်း)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ တိုးဝေ၊ ဘအုန်း-ပုသိမ်၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၃-၉-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၃၆)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦



## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.ထ.က(ခွဲ) အ.လ.က(၉)မှ ဦးဇော်ဝင်း၏သမီး အလယ်တန်းပြ ဒေါ်ခက်ခက်မာနှင့်ဒေါ်ခင်မာဝင်း ၁၃/ကမန(နိုင်)၀၇၇၅၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခက်ခက်မာ(ခ)ဒေါ်ခင်မာဝင်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.ထ.က(ခွဲ) အ.လ.က(၉)မှ အဘ ဦးအောင်ငြိမ်း၏သမီး အလယ်တန်းပြ ဒေါ်လွေးဆီစံဝင်းနှင့်ဒေါ်လွေးဆီစမ်ဝင်း ၁၃/နခန(နိုင်)၀၆၃၉၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်လွေးဆီစံဝင်း(ခ)ဒေါ်လွေးဆီစမ်ဝင်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့နယ်၊ အ.ထ.က(ခွဲ)မန့်ဝိန်းမှ အဘ ဦးရွှေဝင်း၏သမီး လ/ထ မူလတန်းပြ ဒေါ်နန်းယဉ်ယဉ်လှနှင့် ဒေါ်နန်းရင်ရင်လှ ၁၃/နမတ(နိုင်)၀၅၈၄၀၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နန်းယဉ်ယဉ်လှ(ခ)ဒေါ်နန်းရင်ရင်လှ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့နယ်၊ အ.မ.က(ခွဲ)ဖလပ်မှ လ/ထ မူလတန်းပြ ဒေါ်မိုင်းမိုင် ၁၃/မဆတ(နိုင်)၀၅၁၇၃၇ ၏ဖခင် ဦးခမ်းထန်နှင့် ဦးခန်းထန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခမ်းထန်(ခ)ဦးခန်းထန်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ အ.ထ.က(၁)မှ အဘ ဦးလရှမ်းဂမ်၏သမီး ဒေါ်မာရွယ်နှင့် ဒေါ်အယ်လ်မာရွယ် ၁၃/မဆတ(နိုင်)၀၁၀၄၉၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မာရွယ်(ခ)ဒေါ်အယ်လ်မာရွယ်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့နယ်၊ အ.လ.က(ခွဲ)ပန်ခမ်းမှ မူလတန်းကျောင်းအုပ် ဒေါ်ညွန့်မေ(ခ) ဒေါ်ညွန့်ရီ ၁၃/သပန(နိုင်)၀၃၅၁၉၈ ၏ဖခင် ဦးလမ်းဗိုလ်နှင့် ဦးလန်းဘိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလမ်းဗိုလ်(ခ)ဦးလန်းဘို

## ပျောက်ဆုံးကြောင်း

တေဇာထွန်း(ဘ)ဦးအီဆပ် ၃/ဘအန(နိုင်)၂၅၇၆၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၀၇၇

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်၊ 59W/61962 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်စိုးအောင် ၁၀/သထန(နိုင်)၂၀၃၂၁၅ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး(သထုံ)

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်၊ 46W/50417 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီစန်း ၁၀/ဘလန(နိုင်)၀၄၁၀၇၅ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး(သထုံ)

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.ထ.က(ခွဲ) အ.လ.က(၉)မှ အဘ ဦးမန်းစိန်၏သမီး ဒု-မူပြ ဒေါ်ဝါဝါနှင့်ဒေါ်ခင်နှင်းမိုး ၉/မတရ(နိုင်)၁၁၂၅၁၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဝါဝါ(ခ)ဒေါ်ခင်နှင်းမိုး

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့နယ်၊ အ.လ.က(ခွဲ)ပန်ခမ်းမှ ကျောင်းအုပ် ဒေါ်ညွန့်မေနှင့် ဒေါ်ညွန့်ရီ ၁၃/သပန(နိုင်)၀၃၅၁၉၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ညွန့်မေ(ခ)ဒေါ်ညွန့်ရီ

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အ.ထ.က(၅)Grade-8 တွင် ပညာသင်ကြားနေသော မောင်ဟိန်းရာဇာ၏ဖခင် ဦးစိုးပြည့်၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၇၂၅၇၈ အရ ဦးပြည့်စုံဝင်းဖြစ်ပါကြောင်း။ ဦးပြည့်စုံဝင်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

အဘ ဦးကျော်သီဟ၏သမီး ဘီးလင်းမြို့၊ အ.ထ.က(ဇုတ်သုတ်)ကျောင်း Grade-8 မှ မအိမြတ်ချယ်နှင့် မအိမြတ်ခြယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မအိမြတ်ချယ်(ခ)မအိမြတ်ခြယ်

## ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း Grade-12 မှ မတိုးတိုး၏ဖခင်အမည်မှန်မှာ ဦးငွေဦးဖြစ်ပါကြောင်း။

ဦးငွေဦး

## ပျောက်ဆုံးကြောင်း

နှင်းဇာခြည်မောင်(ဘ)ဦးသိန်းနိုင်စိုး ၅/ကမန(နိုင်)၀၀၅၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အလိမ္မာစာမှာရှိ**

## ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ အိမ်အမှတ် ၆/၁၈၃ နေ သန္တာအေး(ဘ) ဦးအောင်ရင် ၁၂/အစန(နိုင်)၁၉၁၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၁၉၃၃၄၆

## ပျောက်ဆုံးကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ ၂၃ နေ နော်ပန်းမိုးစည်(ဘ)ဦးအောင် ၁၂/ကမတ(နိုင်)၀၄၉၈၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၀၇၁၈၀၃

## ပျောက်ဆုံးကြောင်း

အေးနှင်းထွေး(ဘ)ဦးမျိုးချစ် ၉/မခန(နိုင်)၃၀၅၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 671587)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## မိခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း Grade-12 မှ မဆုပြည့်သျှန်၏မိခင်အမည်မှန်မှာ ဒေါ်အေးအေးစမ်း ၇/မလန(နိုင်)၀၀၉၉၅၉ ဖြစ်ပါကြောင်း။

ဒေါ်အေးအေးစမ်း

## ပျောက်ဆုံးကြောင်း

သူသူအောင်(ဘ)ဦးဂျော်နီ ၁၀/မဒန(နိုင်)၂၀၆၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၂၉၂၈၂၃၅

## ပျောက်ဆုံးကြောင်း

ဇာခြည်လင်း(ဘ)ဦးခင်စိုး ၁၂/ရပသ(နိုင်)၁၂၉၂၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 330006)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ဇာဇာနိုင်(ဘ)ဦးဝင်းနိုင် ၁၂/ဥကမ(နိုင်)၁၈၆၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၈၁၈၇၄၇

## ပျောက်ဆုံးကြောင်း

စိုးလင်းအောင်(ဘ)ဦးသန်းမြိုင် ၉/တကန(နိုင်)၂၃၃၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၅၂၀၅၇၃

## ပျောက်ဆုံးကြောင်း

ဝေါမြို့နေ ဇင်မာအေး(ဘ)ဦးတင်ဦးနိုင် ၇/ဝမန(နိုင်)၁၉၃၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

နန်းဆီ(ဘ)ဦးစိုင်းလုံလန်း ၁၃/ကတန(နိုင်)၁၄၈၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၄၈၀၇၁၂၄

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ.လ.က(မြို့မ)ကျောင်းမှ (မူလတန်းပြ) ဒေါ်ခင်သန်းဦး၏ဖခင် ဦးရွှေတင်၏အမည်မှန်မှာ ဦးရွှေသင် TDI ၀၄၀၈၉၁ ဖြစ်ပါကြောင်း။

ဦးရွှေသင်

## ပျောက်ဆုံးကြောင်း

မြင့်မြင့်အေး(ဘ)ဦးစင်းလှိုင် ၉/မမန(နိုင်)၀၈၇၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၈၆၈၈၈၆

## ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(တောင်စွန်း)ကျောင်း Grade-12 မှ မမေသဇင်ကျော်၏ဖခင်အမည်မှန်မှာ ဦးကျော်မင်းထွန်း ၁၀/ပမန(နိုင်)၀၈၈၃၅၉ ဖြစ်ပါကြောင်း။

ဦးကျော်မင်းထွန်း

## ပျောက်ဆုံးကြောင်း

မောင်အိုက်ယင်း(ဘ)ဦးအိုက်မောင် ၉/ပဥလ(နိုင်)၀၂၀၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၃၂၄၀၈

## ပျောက်ဆုံးကြောင်း

ဝေမာလွင်(ဘ)ဦးသက်လွင် ၈/မဘန(နိုင်)၁၅၄၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

မေ်မေ်ညို(ဘ)ဦးထွန်းဆိုင် ၈/မကန(နိုင်)၀၂၂၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၄၃၄၀၅၁၈

## ပျောက်ဆုံးကြောင်း

ဦးဝိသုတ(ဘ)ဦးသာအေး ၇/ပမန(သ)၀၀၀၆၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## မိဘအမည်မှန်

အထက(၁)ကျောက်တန်း၊ ရန်ကုန်မြို့၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ မောင်ဝေလင်းထက်၏ဖခင် ဦးခင်အေး၏ အမည်မှန်မှာ ဦးဝင်းနိုင်ဦး ၁၄/ပသန(နိုင်)၁၇၂၅၉၃ နှင့် မိခင် ဒေါ်အေးသန်း၏ အမည်မှန်မှာ ဒေါ်ဇာခြည်ဦး ၁၄/ပသန(နိုင်)၂၀၁၇၈၄ ဖြစ်ပါကြောင်း။ ဦးဝင်းနိုင်ဦး-ဒေါ်ဇာခြည်ဦး

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ မူလွန်-ပေါစံခေါ်(Grade-2)၌ ပညာသင်ကြားနေသော မောင်ကောင်းမြတ်စံ၏ဖခင်အမည်မှန်မှာ ဦးသိန်းဇော် ၇/လပတ(နိုင်)၁၃၄၀၃၂ ဖြစ်ပါကြောင်း။

ဦးသိန်းဇော်

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က(၁)Grade-12 တွင် ပညာသင်ကြားနေသော မဆောင်းနှင်းဖြူ၏ဖခင် ဦးဟန်ညွန့်၏အမည်မှန်မှာ ၈/ရစက(နိုင်)၀၃၂၁၃၅ အရ ဦးဟံညွန့်ဖြစ်ပါကြောင်း။ ဦးဟံညွန့်

## ပျောက်ဆုံးကြောင်း

ဝင်းဝင်းနိုင်(ဘ)ဦးအေးကို ၁၂/အလန(နိုင်)၀၂၀၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၉၃၅၁၉၉

## မိခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ကဇိုင်း)ကျောင်း Grade-12 မှ မစန္ဒာဝင်း၏မိခင်အမည်မှန်မှာ ဒေါ်ယဉ်သိန်း ၁၀/ဘလန(နိုင်)၀၆၉၇၁၃ ဖြစ်ပါကြောင်း။

ဒေါ်ယဉ်သိန်း

## ပျောက်ဆုံးကြောင်း

ကျန်မင်တော့(ဘ)ဦးကျန်ချူဖား ၁၃/နခန(နိုင်)၀၅၂၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၃၉၀၇၇၂

## ပျောက်ဆုံးကြောင်း

လားရင့်တလွမ်းဇီး(ဘ)ဦးလားရှိုးမာ ၅/ကလထ(နိုင်)၃၂၈၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 559259)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

မြမူ(ဘ)ဦးတင်ငွေး ၇/ထတပ(နိုင်)၀၉၈၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၃၁၃၉၁၂၃

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က ရေဆင်း Grade-12 တွင် ပညာသင်ကြားနေသော မဝင်းပြည့်ပြည့်ငွေး၏ဖခင် ဦးမြတ်သူ၏ အမည်မှန်မှာ ဦးမြသူ ၉/ပမန(နိုင်)၁၅၂၈၈၇ ဖြစ်ပါကြောင်း။ ဦးမြသူ

## ပျောက်ဆုံးကြောင်း

တောင်ငူမြို့နေ မြကေသီအောင်(ဘ)ဦးလှရွှေ ၇/တငန(နိုင်)၁၆၃၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ယာမယ်အနေဖြင့် ဘလွန်းဒီအောဆုကို အကြိမ်ပေါင်းများစွာရရှိနိုင်မည်ဖြစ်ကြောင်း တိုက်စစ်မှူး ဒမ်ဘီလီပြောကြား




ပါရီ စက်တင်ဘာ ၂၄

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဒမ်ဘီလီက ယာမယ်အနေဖြင့် လာမည့်အနာဂတ်တွင် ဘလွန်းဒီအောဆုကို အကြိမ်များစွာရရှိလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဘလွန်းဒီအောဆုကို ဘာစီလိုနာအသင်း လူငယ်တိုက်စစ်မှူး ယာမယ်ကို ကျော်ဖြတ်ကာ ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်သည့် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဒမ်ဘီလီက တစ်နှစ်တာလူငယ်အကောင်းဆုံးဆုရရှိခဲ့သည့် ယာမယ်ကို အနာဂတ်ကာလတွင် ဘလွန်းဒီအောဆုကို အကြိမ်များစွာရရှိလိမ့်မည်ဖြစ်ကြောင်း ယင်းဆုပေးအပ်ပွဲအခမ်းအနားတွင် ချီးကျူးပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒမ်ဘီလီက "ယာမယ်က ထူးခြားတဲ့ကစားသမားတစ်ဦးပါ။ လူငယ်တစ်ယောက်ဖြစ်ပေမယ့် အလွန်ရင့်ကျက်ပြီး အံ့သြဖွယ်ရာကစားသမားတစ်ယောက်လည်းဖြစ်ပါတယ်။ သူက ဘလွန်းဒီအောဆုကို အကြိမ်ပေါင်းများစွာရယူနိုင်လိမ့်မယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

လူငယ်ကစားသမား ယာမယ်သည် ပြီးခဲ့သည့် ဘောလုံးရာသီအစကတည်းက ဘာစီလိုနာအသင်းအတွက် ဂိုးပါဝင်ပတ်သက်မှု ၂၆ ကြိမ် ပြုလုပ်ထားနိုင်ခဲ့ပြီး ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ဘောလုံးပြေးဆွဲမှုအကြိမ်ရေအများဆုံး ၄၉၄ ကြိမ်နှင့် အောင်မြင်မှု ၂၆၂ ကြိမ်ရရှိခဲ့သည့် ကစားသမားအဖြစ်ရပ်တည်နေပြီး ပြီးခဲ့သည့်ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး အမ်ဘာတ်ပီ၏စံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့သည်။

လူငယ်တိုက်စစ်မှူးယာမယ်အနေဖြင့် တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို ယခုနှစ်အပါအဝင် နှစ်ကြိမ်ဆက်ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref;Goal.com**

# ပီအက်စ်ဂျီအသင်း၌ ဆက်လက်ကစားလိုကြောင်း ဂိုးသမား ဒွန်နာရမ်မာဖွင့်ဟ

မန်ချက်စတာ စက်တင်ဘာ ၂၄

မန်စီးတီးအသင်းဂိုးသမား ဒွန်နာရမ်မာက အပြောင်းအရွှေ့မပြုလုပ်မီ ပီအက်စ်ဂျီအသင်း၌ ဆက်လက်ကစားလိုကြောင်း ဖွင့်ဟခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်း အဓိကဆုဖလားသုံးလုံးရရှိစေရန် စွမ်းဆောင်ပေးထားနိုင်ခဲ့သည့် ဂိုးသမား ဒွန်နာရမ်မာသည် လက်ရှိတွင် ကမ္ဘာ့အကောင်းဆုံးဂိုးသမားအဖြစ် သတ်မှတ်ခံထားရပြီး ၂၀၂၅ ခုနှစ် ဘလွန်းဒီအောဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုကိုလည်း ရရှိထားသည်။

၎င်းအနေဖြင့် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်းမှ မန်စီးတီးအသင်းသို့ ပေါင် သန်း ၃၀ နှင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိမန်စီးတီးအသင်းတွင်လည်း အကောင်းဆုံးလက်စွမ်းပြနေသူဖြစ်သည်။

ဂိုးသမား ဒွန်နာရမ်မာက "အသင်းဖော်သူငယ်ချင်းတွေများစွာရှိတဲ့နေရာကနေ စွန့်ခွာခဲ့ရတာက အရမ်းကို ခက်ခဲပါတယ်။ ပီအက်စ်ဂျီအသင်းမှာ ကျွန်တော် အရမ်းပျော်ရွှင်ခဲ့ရပါတယ်။ အသင်းပိုင်ရှင်၊ အသင်းဖော်တွေ၊ အားကစားဒါရိုက်တာတွေအားလုံးနဲ့ အဆင်ပြေခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော် အဲဒီမှာဆက်နေချင်ခဲ့တာပါ။ ကျွန်တော် မန်စီးတီးအသင်းကို ပြောင်းခဲ့ရတာ တကယ့်ကို ခက်ခဲပါတယ်။ ဒါပေမဲ့ ပရီးမီးယားလိဂ်မှာအောင်မြင်မှုတွေရရှိထားတဲ့ မန်စီးတီးအသင်းအနေနဲ့လည်း ကျွန်တော့်ကို မိသားစုလို ကြိုဆိုခဲ့ကြပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref; Fabrizio Romano**

# ယူအီးအက်ဖ်အေက အစ္စရေးအသင်းကို ကမ္ဘာ့ဖလားဝင်ခွင့်ပိတ်ပင်နိုင်မည့်အပြင် အစ္စရေးကလပ်အသင်းများကိုလည်း ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ဖွယ်ရှိ

ဇူးရစ် စက်တင်ဘာ ၂၄

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)သည် အစ္စရေးအသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ပိတ်ပင်နိုင်မည့်အပြင် အစ္စရေးကလပ်အသင်းများကိုလည်း ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အစ္စရေးနိုင်ငံက ဂါဇာဒေသကို စစ်ရေးအရ ဆင်နွှဲမှုများကြောင့် လူပေါင်းများစွာ သေဆုံးမှုနှင့် ပတ်သက်၍ ဝေဖန်မှုများရှိနေသည့်အတွက် ယူအီးအက်ဖ်အေက ပြိုင်ပွဲများတွင် ပိတ်ပင်မှုများပြုလုပ်နိုင်ဖွယ်ရှိနေခြင်းဖြစ်သည်။

ထို့ပြင် ပြီးခဲ့သည့်ရက်ပိုင်းကလည်း စပိန်နိုင်ငံက အစ္စရေးလက်ရွေးစင်အသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ပေးမည်ဆိုပါက ပြိုင်ပွဲမှ နုတ်ထွက်မည်ဟု သတိပေးထားသကဲ့သို့ လာမည့် ယူအီးအက်ဖ်အေ၏ အမှုဆောင်အစည်းအဝေးတွင်လည်း အစ္စရေးအသင်းကို ဥရောပပြိုင်ပွဲ ခြေစစ်ပွဲများမှ ထုတ်ပယ်နိုင်ရေး ဆွေးနွေးမည်ဖြစ်သည်။

အစ္စရေးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေခြင်းဖြစ်ကာ အုပ်စုတွင်း တတိယနေရာ၌ ရပ်တည်နေပြီး ပလေးအော့ဖ်မှတစ်ဆင့် ခြေစစ်ပွဲအောင်မြင်နိုင်ခြေရှိနေ၍ လာမည့် အောက်တိုဘာလတွင် အီတလီ၊ နော်ဝေအသင်းတို့နှင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့ပြင် အစ္စရေးကလပ် မက္ကာဘီတဲလ်အဗစ်အသင်းအနေဖြင့်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားနေကြောင်း သိရသည်။

**Ref; Goal.com**

# အာဆင်နယ်အသင်းအဓိကတိုက်စစ်ကစားသမား မာဒူကီ ဒူးဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်




လန်ဒန် စက်တင်ဘာ ၂၄

အာဆင်နယ်အသင်းအဓိကတိုက်စစ်ကစားသမား မာဒူကီသည် ဒူးဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် မန်စီးတီးအသင်းနှင့် တစ်ဂိုးစီသရေကျသည့် ပရီးမီးယားလိဂ်ပွဲစဉ် (၅)တွင် အသင်းတိုက်စစ်ကစားသမား မာဒူကီသည် ဒူးဒဏ်ရာရရှိခြင်းဖြစ်ကာ ၎င်းကို ပွဲကစားချိန်ပထမပိုင်းအပြီးတွင်ပင် ဆာကာနှင့် လူစားလဲလှယ်ခဲ့ရသည်။

ထို့ကြောင့် တိုက်စစ်ကစားသမားမာဒူကီ၏ ဒဏ်ရာကို စမ်းသပ်စစ်ဆေးမှုပြုလုပ်ပြီးနောက် ပြင်းထန်သည့် ဒူးအရွတ်စုတ်ပြဲခြင်းမျိုးမရှိသော်လည်း ၎င်းအနေဖြင့် နှစ်လခန့်အနားယူရမည်ဖြစ်သည့်အတွက် အာဆင်နယ်အသင်း၏ လိဂ်ဖလားပွဲအပါအဝင် ပွဲပေါင်း ၁၁ ပွဲခန့်ကို လွဲချော်ဖွယ်ရှိနေသည်။

အာဆင်နယ်အသင်းသည် စက်တင်ဘာလ ၂၈ ရက်တွင် နယူးကာဆယ်အသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အဝေးကွင်း၌ သွားရောက်ကစားရမည်ဖြစ်ပြီး အောက်တိုဘာလ ၂ ရက်တွင် ဂရိကလပ် အိုလံပီယာကို့စ်အသင်းကို ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။

ထို့ပြင် တိုက်စစ်ကစားသမား မာဒူကီသည် နိုဝင်ဘာလအထိ အနားယူရမည်ဖြစ်ခြင်းကြောင့် အဆိုပါကာလအတွင်း နိုင်ငံတကာပွဲစဉ်များအပြီးတွင် အာဆင်နယ်အသင်းအနေဖြင့် စပါးအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်၊ ချယ်လ်ဆီးအသင်းနှင့်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လက်ရှိတွင် အာဆင်နယ်အသင်း၌ အသင်းခေါင်းဆောင် အိုဒီဂတ်၊ ဟာဗက်စ်၊ ဂျေဆုတို့ ဒဏ်ရာကြောင့် အနားယူနေကြရပြီး ယခုဘောလုံးရာသီတွင် ပုံစံကောင်းများရရှိနေသည့် အဓိကတိုက်စစ်ကစားသမားမာဒူကီ ဒဏ်ရာရရှိခြင်းကြောင့် နည်းပြအာတီတာအတွက် အခက်တွေ့ဖွယ်ရှိနေသည်။

အသက် ၂၃ နှစ်အရွယ် တိုက်စစ်ကစားသမား မာဒူကီသည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှ ပေါင် ၄၈ ဒသမ ၅ သန်းဖြင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် လာမည့် နိုဝင်ဘာလအထိ အနားယူရမည်ဖြစ်ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်း၏ ပွဲစဉ်များကိုပါ လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref; Goal.com**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



နေပြည်တော်ကောင်စီနယ်မြေ၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။






ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။






အကောက်ခွန် ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၈ ရက်နှင့် ၁၉ ရက်**တို့တွင် တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၆၄၈)တန်၊ အခြားသစ် (၂၀ ဒသမ ၅၀၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၄၆၃၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၁ ရက်တွင်** ရတနာပုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၂၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၃၁ ရက်နှင့် စက်တင်ဘာလ ၁ ရက်**တို့တွင် ကော့သောင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၂ ရက်**တွင် တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ ကျွန်းသစ် (၁ ဒသမ ဝ၄၃)တန်၊ အခြားသစ် (သုည ဒသမ ၆၈၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၁ဝ၁၁၂၁၅) ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးအရှေ့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၆၅၁၂၅)** ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၉ ရက်**တွင် မော်လမြိုင်မြို့နယ်၊ သီရိမြိုင်ရပ်ကွက် (၁၁)လမ်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၁၂ ရက်**တွင် မုတ္တမမြို့၊ ကျွဲခြံရွာ၊ သံလွင်မြစ်ကမ်းအနီးမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၀၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၃၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၁၇၁၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၁၉ ရက်**တွင် သံလွင်တံတား(မော်လမြိုင်)၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၉၂၁၀၀၀)ကို** ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၁ ရက်**တွင် မုတ္တမဆိပ်ကမ်း (လှိုင်သာယာ)၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၂၇)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၇၃၄၂၃၈၁) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Triple Sky ရေယာဉ်(၁)စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၇၃၄၂၃၈၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၂ ရက်**တွင် မူဆယ်မြို့၊ ဆင်ဖြူဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၇၂)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၄၅၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်**တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Wish (၁)စီး၊ Sunlong Bus (၁)စီး၊ Yutong Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၂၂ ရက်အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၆၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၄၆၇၃၇၃၁)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက်ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၁၅ ရက်မှ ၂၁ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၁၃ ဒသမ ၉၉၀၈)တန်၊ သစ်မာ(၂၅ ဒသမ ၅၇၁၆)တန်၊ အခြား (၇၇ ဒသမ ၂၃၂၂)တန်၊ စုစုပေါင်း(၁၁၆ ဒသမ ၇၉၄၆)တန်၊ ယာဉ်/ယန္တရား (၄)စီး၊ တရားခံ(၁၂)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ



ငလျင်ဘေးဒဏ်ခံခဲ့ရသော ဒေသများရှိ ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း များအတွက် လိုအပ်လျက်ရှိသော HRB 500 အမျိုးအစား သံချောင်း လုံးများ ရောက်ရှိလာမှုကို တာဝန်ရှိသူများက ကြည့်ရှု စစ်ဆေးစဉ်။

**❍ ကျောဖုံးမှအဆက်**

အဆိုပါ HRB 500 အမျိုးအစား သံချောင်းလုံးများအား မြို့ဟောင်းဘူတာသို့ရောက်ရှိစဉ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရေကြည်မြို့နယ်၌ နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ



**ရေကြည် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ဒေသထွက်နေလှန်းဆားများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူသူအောင်၏ ပြောဆိုချက်အရ သိရသည်။

ရေကြည်မြို့နယ်၌ စက်တင်ဘာလ ဒုတိယပတ်မှစတင်ပြီး နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးပိ၊ ငါးခြောက်လုပ်ချိန်ဆိုတော့ ဆားအရောင်းအဝယ်ကောင်းလာတာပါ။ ဆားတွေကတော့ ဒေသထွက်နေလှန်းဆားတွေပါပဲ။ တစ်ရက်ကို နေလှန်းဆားပိဿာ ၄၀၀၀ ကနေ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလိုဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာကြတယ်" ဟု ဒေါ်သူသူအောင်ကပြောသည်။

ရေကြည်မြို့နယ်၌ ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**သုတကျော်**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလ ၂၃ ရက်က အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာမမေ(ရန်ကုန်)က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်မြတ်အေးက လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာကောင်းဇံက လူငယ်အားကစားနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှတ်(၃၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဇော်အောင်ထွန်းက ယာဉ်အန္တရာယ်ကင်းဝေးစေရေးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးမိုးကျော်ကျော်က အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦး က လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုကြကြောင်း သိရသည်။ **မြတ်မြတ်အေး(ပြန်/ဆက်)**

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့တွင်ရောက်ရှိမည့် ကမ္ဘာ့ခရီးသွားနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ၏ သဘာဝအလှအပများပါဝင်သော တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များ စုပေါင်း၍ (၂၆-၉-၂၀၂၅)ရက် (သောကြာနေ့)ညတွင် **"ရတနာမြေ"**တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်–

**(၂၆-၉-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ရတနာမြေ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ချယ်ရီကိုသာပန်ပါကွယ် | ပြင်ပအဆိုရှင် |
| ၂။ | ရွှေမြိုင်မှာပဲနေတော့မယ် | ပြင်ပအဆိုရှင် |
| ၃။ | ကလောမြို့နဲ့တူတဲ့အချစ် | ပြင်ပအဆိုရှင် |
| ၄။ | ရွှေမန်းဆီသို့ | ပြင်ပအဆိုရှင် |
| ၅။ | ဟသံာတို့ရဲ့နန်းတော်ရှေ့ | ပြင်ပအဆိုရှင် |
| ၆။ | မြန်မာပြည်ကိုလာပါ | ပြင်ပအဆိုရှင် |
| ၇။ | ရထားနဲ့သွားတဲ့ခရီးလေး | ဌာနအဆိုရှင် |
| ၈။ | အိပ်မက်ကမ်းခြေငွေဆောင်မြေ (ငွေဆောင်ကမ်းခြေ) | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၉။ | မြေပြန့်သူလေး(သို့)နောင်မိန်နောင် | ပြင်ပအဆိုရှင် |
| ၁၀။ | လင်းခေးအဝင် | ပြင်ပအဆိုရှင် |
| ၁၁။ | ရတနာမြေ | Group Song |

# မိုးညှင်းမြို့နယ်၌ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးညှင်း စက်တင်ဘာ ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟဲလုံခေတ်မီစံပြကျေးရွာ၌ ယခုဘဏ္ဍာနှစ်အတွင်း ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးမြင့်နှင့်တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများအား ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ဖြင့် ဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ချေးငွေရယူသည့်လုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဟဲလုံခေတ်မီစံပြကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မွေးမြူရေးအဖွဲ့နှစ်ဖွဲ့မှ အိမ်ထောင်စု ၁၀ စု၊ စိုက်ပျိုးရေးအဖွဲ့ တစ်ဖွဲ့မှ အိမ်ထောင်စုခြောက်စုနှင့် ဒေသမှထွက်ရှိသည့် ကုန်ထုတ်လုပ်ငန်းအဖွဲ့တစ်ဖွဲ့မှ အိမ်ထောင်စုငါးစု စုစုပေါင်း အဖွဲ့လေးဖွဲ့မှ အိမ်ထောင်စု ၂၁ စုတို့အတွက် လုပ်ငန်းဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးထားကြောင်း သိရသည်။

**ရွှေမိုးညှင်း**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AUSTRALIAN INTERNATIONAL BEER AWARDS
AIBA
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


WQA
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
CYCLE TYRE
CAR TYRE
The Best Quality Tyre
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH

❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးသည် မိမိတို့၏အန္တိမ ရည်မှန်းချက်ပင်ဖြစ် . . .

❖ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောသံချောင်းလုံးများအား အထူးကုန်ရထားဖြင့် ပို့ဆောင်

နေပြည်တော် စက်တင်ဘာ ၂၄

ငလျင်ဘေးဒဏ်ခံခဲ့ရသောဒေသများရှိ ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော HRB 500 အမျိုးအစား သံချောင်းလုံးများ အား ရန်ကုန်မြို့မှ မန္တလေးမြို့သို့ အထူးကုန် ရထားဖြင့် ပို့ဆောင်ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။

အဆိုပါအထူးကုန်ရထားသည် HRB 500 အမျိုးအစား သံချောင်းလုံး စုစုပေါင်း တန်ချိန် ၄၈၆ ဒသမ ၈၈၆ တန်အား တင်ဆောင်၍ စက်တင်ဘာလ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့၊ မလွှကုန်းဘူတာ မှတစ်ဆင့် စတင်ထွက်ခွာလာရာ ညပိုင်း တွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက် ခဲ့ပြီး နေပြည်တော်မှဆက်လက်ထွက်ခွာ ခဲ့ရာ မန္တလေးမြို့၊ မြို့ဟောင်းဘူတာသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

စာမျက်နှာ ၃၀ ကော်လံ ၁ ❍




ငလျင်ဘေးဒဏ်ခံခဲ့ရသောဒေသများရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော HRB 500 အမျိုးအစား သံချောင်းလုံးများ ရောက်ရှိလာမှုကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် ၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

စာ - ၂၆ သို့

## လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၄


ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာ ချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိ သော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း တို့တွင် စက်တင်ဘာလ ၂၅ ရက်နေ့၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်း ရသည်။ (မိုး/ဇလ)

## အထူးမိုးလေဝသသတင်း

### စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

"ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာ ချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံ လေအားကောင်းနေခြင်းကြောင့် လည်း ကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် လေထုမငြိမ်မသက် မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်း ကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"မှ စာမျက်နှာ ၁၀ ကော်လံ ၁ ❒




## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၄-၉-၂၀၂၅

| | | | | |
|---|---|---|---|---|
| ရေး | ၁၀ | ဒသမ | ၃၉ | လက်မ |
| ထားဝယ် | ၅ | ဒသမ | ၈၆ | လက်မ |
| ရွှေကျင် | ၅ | ဒသမ | ၃၅ | လက်မ |
| ပိုင်ကျုံ | ၄ | ဒသမ | ၅၀ | လက်မ |
| လှည်းကူး | ၄ | ဒသမ | ၄၅ | လက်မ |
| မဒေါက် | ၄ | ဒသမ | ၂၁ | လက်မ |
| မြင်းမူ | ၄ | ဒသမ | ၂၁ | လက်မ |
| ပုသိမ် | ၄ | ဒသမ | ၂၁ | လက်မ |
| ပဲခူး | ၄ | ဒသမ | ၁၇ | လက်မ |
| ကမမောင်း | ၄ | ဒသမ | ၀၂ | လက်မ |
| ဓနုဖြူ | ၃ | ဒသမ | ၉၈ | လက်မ |
| အိမ်မဲ | ၃ | ဒသမ | ၉၄ | လက်မ |



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563